မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ်(၂၁၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာသည်နှင့်အမျှ ဒေသတစ်ခုနှင့်တစ်ခု လွယ်ကူစွာသွားလာနိုင် တိုင်းရင်းသားအချင်းချင်း ထိတွေ့ဆက်ဆံမှုများလာသဖြင့် ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိခဲ့

ဒေသဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ပေးထားသည့် အခြေခံကောင်းများအပေါ် အခြေခံ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရေး တစ်ဦးချင်း အလုပ်ကိုဝီရိယထား ကြိုးပမ်း ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး စေတနာထားဆောင်ရွက်

နေပြည်တော် မေ ၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မေ ၅ရက် နံနက် ၁၁နာရီခွဲတွင် ကချင်ပြည်နယ် ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း(ပူတာအို) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးသာအေး၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲ များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ *



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)တွင် Solar System ဖြင့် iPSTAR ဂြိုဟ်တု ဆက်သွယ်ရေးဖမ်းစက် တပ်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၇ ရက်)

လယ်ယာစိုက်ပျိုးရေး အထောက်အကူပြုသည့်တမံများ တည်ဆောက် သားစဉ်မြေးဆက် အသုံးပြုနိုင်ရေး ဝိုင်းဝန်းစောင့်ရှောက်

နိုင်ငံတော်အစိုးရသည် အထူးစီမံကိန်းများချမှတ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်လျက်ရှိရာမှာ လယ်ယာစိုက်ပျိုးရေးအတွက် လိုအပ်သော ဆည်တမံစီမံကိန်းများလည်း ပါဝင်သည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသောနိုင်ငံဖြစ်ရာ လယ်ယာစိုက်ပျိုးရေးအတွက် လိုအပ်သောရေကို လုံလောက်စွာ ရရှိနိုင်ရန် ဆည်တမံများ၊ ရေထိန်းတံခါးများကို ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသည်။

စီမံကိန်းသတ်မှတ်ထားသော စီမံကိန်းရေလှောင်တမံများမှာ စီပဒုံးရေလှောင်တမံစီမံကိန်း၊ ဗောဓိတစ်ထောင်ရေလှောင်တမံစီမံကိန်း၊ ပွဲကောက်ရေလှောင်တမံစီမံကိန်း၊ တောက်ပြိုရေလှောင်တမံစီမံကိန်း၊ ပိုက်ဆီး-မရမ်းကမ်းပတ်တာပြင်ပတွင် ရေငန်တားတာ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းစီမံကိန်း၊ ပင်းတောက်ရေလှောင်တမံစီမံကိန်းနှင့် နမ့်ပါပေါင်းရေလှောင်တမံစီမံကိန်းတို့ ပါဝင်ကြသည်။

ယင်းစီမံကိန်းများအနက် စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် အိုင်းမကျေးရွာအနီး စီပဒုံးချောင်းပေါ်၌ မြေသားတမံအမျိုးအစားအဖြစ် တည်ဆောက် အကောင်အထည်ဖော်သွားမည့် စီပဒုံးရေလှောင်တမံစီမံကိန်းသည် လယ်ယာမြေဧရိယာ ၁၀၀၀၀ဧကကို ဆည်ရေပေးပြီး စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက်ကိုပါ အထောက်အကူပြုမည်ဖြစ်သည်။

အခြားစီမံကိန်းတစ်ခုမှာ ၂၀၀၇-၂၀၀၈ခုနှစ်၌ တည်ဆောက်ခဲ့ပြီးဖြစ်သော ဗောဓိတစ်ထောင်ရေလှောင်တမံ စီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းသည် စိုက်ပျိုးမြေဧရိယာဧက ၁၀၀ဧကကို ဆည်ရေပေးနိုင်မည်ဖြစ်၍ ဒေသစိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုသည့် စီမံကိန်းလည်းဖြစ်သည်။

အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းများအနက် ရေအားလျှပ်စစ်စက်ရုံကိုပါ ထည့်သွင်းတည်ဆောက်သွားမည့် စီမံကိန်းနှစ်ခုမှာ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဝဲလောင်ချောင်းပေါ်၌ တည်ဆောက်မည့် ပွဲကောက်ရေလှောင်တမံစီမံကိန်းနှင့် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်မှ မက်မီးရွာအနီး နမ့်ပါပေါင်းချောင်းပေါ်၌ တည်ဆောက်မည့် နမ့်ပါပေါင်းရေလှောင်တမံစီမံကိန်းတို့သည် စိုက်ပျိုးရေအပြင် လျှပ်စစ်ဓာတ်အားအတွက်ပါ အကျိုးပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်မှ ချမှတ်အကောင်အထည်ဖော်လျက်ရှိသော အထူးစီမံကိန်းများသည် တိုင်းရင်းသားပြည်သူတို့၏ သားစဉ်မြေးဆက် ရေရှည်အသုံးပြုသွားနိုင်မည်ဖြစ်ရာ စီမံကိန်းများအောင်မြင်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် အင်ပြည့်အားပြည့် ဝိုင်းဝန်းလက်တွဲ ပါဝင်ကြိုးပမ်း သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော် မြန်မာ့အသံ

(သောကြာနေ့-နံနက်+နေ့လယ်+ည)
(၈-၅-၂၀၀၉)

၀၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၀၇း၁၅	တရားတော် (ကဆုန်လပြည့်နေ့ တရားတော်)
၀၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၀၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၀၈း၀၀	စံတော်ချိန် + သတင်း
၀၈း၁၀	နံနက်ခင်းတေးပဒေသာ
၀၈း၃၀	ပြောပါရစေရှင် (စိတ်သန့်ရဲ့လား)
၀၈း၃၅	တေးပဒေသာ
၀၉း၀၀	ဆောင်းပါး (ပရေသံဟိတမိစ္ဆေယျံ) တေးပဒေသာ
၀၉း၃၀	ဘဝအသွင်ကဗျာ့အမြင် (ပွဲခါညောင်ရေ) တေးပဒေသာ
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀	စံတော်ချိန် အလုပ်အကိုင်အခွင့်အလမ်း (ရထားပို့ဆောင်ရေးဝန်ကြီးဌာန) နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀	သိမှတ်စရာ မြန်မာစကား မြန်မာစာ (ပင်းယခေတ် မြန်မာစကားပြေအရေးအဖွဲ့)
၁၂း၄၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	ဟောပြောချက် (လမြတ်ကဆုန်) နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး (စကြဝဠာတိုင် သင်းပျံ့ဝေစည် ကြက်ခြေနီ)
၁၆း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀	ဆွေးနွေးခန်း (မြန်မာနိုင်ငံကြက်ခြေနီအသင်း)
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	တေးပဒေသာ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈း၄၅	တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (မေမေပြန်ဖို့ ပြင်ရမယ်)
၁၉း၄၅	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ရတနာခင်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀	ဆောင်းပါး (တောင်ဇလပ်ပန်းနဲ့သမန်းမြက်) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၇-၅-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၀	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၀၀	၇။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၂၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့အတွေး** (အပိုင်း-၁၆)
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနှင့် ပန်းနှင်းဆီ** (အပိုင်း-၁၅)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	အနုပညာရှင်၏ တစ်နေ့တာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့်ကျွန်ကျောင်း** (အပိုင်း-၅)

ရန်ကုန်တိုင်း (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်

ရန်ကုန် မေ ၆

ရန်ကုန်တိုင်း (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့စစ်ရေးပြနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ စစ်ရေးပြကွင်း၌ ကျင်းပသည်။

အလေးပြု

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်အား စစ်ရေးပြမှူးဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင် စစ်ကြောင်းများက အလေးပြုကြသည်။

ယင်းနောက် တိုင်းမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်စစ်ကြောင်းများက နိုင်ငံတော်အလံ၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်ဖွဲ့ဝင်များအား အလေးပြုပြီး မီးသတ်တပ်ဖွဲ့၏ သစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး မီးသတ်ကျင့်ဝတ်ပြိုင်ပွဲ အရာရှိ၊ အကြပ်၊ တပ်သားအဆင့်များတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအားလည်းကောင်း၊ မီးသတ်စခန်း သန့်ရှင်းသာယာလှပရေးပြိုင်ပွဲတွင် ဆုရရှိသော မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းများနှင့် အကောင်းဆုံးစစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ မီးဘေးအန္တရာယ် အသိပညာပေး နယ်လှည့်ရုပ်မြင်သံကြားပြသရာတွင် လူအင်အား၊ ပစ္စည်းအင်အားတို့ဖြင့် ဆောင်ရွက်ခဲ့သော အင်းစိန်မြို့နယ်မှ အရန်မီးသတ်တပ်စုမှူးအားလည်းကောင်း **(အပေါ်ပုံ)** ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရမ်းချောင်း ရေစီးရေလာကောင်းမွန်ရေး ညှိနှိုင်း

ရန်ကုန် မေ ၆

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း အရှေ့မှအနောက်သို့ စီးဆင်းလျက်ရှိသော အရှည်ပေ ၄၈၀၀ခန့်ရှိ ခရမ်းချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မေ ၅ရက် နံနက် ၁၀ နာရီက ကျိုက်ဝိုင်းဘုရား အောင်ဓမ္မာရုံကြီး၌ ကျင်းပသည်။ ခရမ်းချောင်းဝဲယာရှိ အိမ်ထောင်စုများ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းက ရှင်းလင်းဆွေးနွေးပြီး **(အောက်ပုံ)** မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ဦးစီးမှူး ဦးကျော်သန့်ဇင်၊ အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းတို့က မိုးမကျမီ ခရမ်းချောင်း ရေစီးရေလာကောင်းမွန်ရေး၊ အကျယ်၁၀ပေမြောင်း ဖောက်တန်းဆောင်ရွက်ရေး၊ ယင်းလုံအိမ်သာပြုလုပ်ရေး၊ ကျူးကျော်အဆောက်အအုံများ ဖယ်ရှားရှင်းလင်းရေးတို့ကို ဆွေးနွေးကြသည်။ **(၁၁၁)**

ကျိုက်လတ်မြို့နယ် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဟိုတယ်/ခရီး ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ဆောင်ရွက်

နေပြည်တော် မေ ၆

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်သည် မေ ၃ရက်က ကျိုက်လတ်မြို့ ရွှေရတုခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်လှည့်ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအဖွဲ့နှစ်ဖွဲ့မှ အဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ခံများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များအတွက် အပ်ချုပ်စက်များကို တာဝန်ရှိသူများထံ ပေးအပ်သည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဖျာပုံခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ခံများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုံရွာမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလှုပ်ရှားမှု တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၆

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဧပြီ ၂၆ရက်က မုံရွာမြို့ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လှုပ်ရှားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ (အပေါ်ပုံ)**ရှေးဦးစွာ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမျိုးနိုင်အောင်က မုံရွာမြို့တွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် မုံရွာမြို့ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မုံရွာမြို့ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများက ရေဆိုးမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် ပညာပေးသရုပ်ပြ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ မုံရွာမြို့ မုံရွာတောင်ပိုင်းရပ်ကွက်၊ ထန်းတောရပ်ကွက်နှင့် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တို့၌ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်မှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီးပွား/ကူးသန်း ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ကလောမြို့ပေါ်နှင့် ကျေးရွာများမှ ပြည်သူများနှင့်တွေ့ဆုံ ကျေးလက်မီးလင်းရေး ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ရေးရှင်းလင်း

ရန်ကုန် မေ ၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် မေ ၄ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် လွယ်မောကျေးရွာအုပ်စု ပိုလံကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအတွင်း လျှပ်စစ်မီးရရှိနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရပ်မိရပ်ဖများအား ဇီဝဘက်ထရီဖြင့် လျှပ်စစ်မီးသုံးစွဲနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပိုလံရွာမှ ဦးလုကျော်တီထွင်ထားသော LED မီးသုံးစွဲမှုကို ကြည့်ရှုအားပေးသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဝန်ကြီးသည် လွယ်မခံကျေးရွာသို့ ရောက်ရှိပြီး ဇီဝဓာတ်ငွေ့ဖြင့် ကျေးရွာမီးလင်းရေးဆောင်ရွက်ထားရှိ သုံးစွဲမှုနှင့် ဦးခွန်၏ နေအိမ်၌ လျှပ်စစ်မီးရရှိသုံးစွဲမှု အခြေအနေကို ကြည့်ရှုအားပေးပြီး ဇီဝဘက်ထရီအသုံးပြု၍ တစ်ပိုင်တစ်နိုင်လျှပ်စစ်မီးသုံးစွဲနိုင်မှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။

မီးလင်းရေး

ယင်းနောက် ဝန်ကြီးသည် ကလောမြို့နယ်ခန်းမ၌ ကလောမြို့ပေါ်နှင့်ကျေးရွာများမှ ပြည်သူများနှင့်တွေ့ဆုံပြီး ကျေးလက်မီးလင်းရေးကိစ္စများကို တစ်မြို့နယ်လုံး ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ရေး ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်းဖွင့် လျှပ်စစ်(၂)ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့ နံနက် ၉နာရီက နေပြည်တော်ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး သင်တန်းခန်းမ၌ကျင်းပသော ဘဏ္ဍာရေးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၀၉) ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းကိုဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၅၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆေးဖက်ဝင်အပင်များ စုဆောင်းစာရင်းကောက်ယူခြင်းနှင့် စိုက်ပျိုးခြင်းလုပ်ငန်း လေ့လာဆန်းစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်

နေပြည်တော် မေ ၆

သစ်တောဦးစီးဌာန၊ ဂျပန်နိုင်ငံ မာကီနိုရုက္ခဗေဒဥယျာဉ်(MBK)နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့ ပူးပေါင်း၍ ဆေးဖက်ဝင်အပင်များ စုဆောင်းစာရင်းကောက်ယူခြင်းနှင့် စိုက်ပျိုးခြင်းလုပ်ငန်း လေ့လာဆန်းစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ယမန်နေ့ နံနက် ၉နာရီက နေပြည်တော်ရှိ သစ်တောသုတေသန စုဝေးခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)မှ ဌာနေကိုယ်စားလှယ် Mr.Hideo Miyamotoနှင့် ဂျပန်နိုင်ငံမာကီနိုရုက္ခဗေဒဥယျာဉ် ညွှန်ကြားရေးမှူးချုပ် Professor Dr. Tetsuo Koyamaတို့က အမှာစကား ပြောကြားကြသည်။

(သတင်းစဉ်)

လှိုင်သာယာမြို့နယ် အမက(၁) ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၆

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို အလယ်ကျေးရွာရှိ အဆိုပါကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေလင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် The Dharma Drum Mountain Social Welfare & Charity Foundation, Taipei မှ Secretary General တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြား၍ The Dharma Drum Mountain Social Welfare & Charity Foundation, Taipei မှ Secretary General က ကျောင်းဆောက်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ပညာရေးဝန်ကြီးဌာန ကိုယ်စား လှိုင်သာယာမြို့နယ် ပညာရေးမှူး ဦးသန်းငွေက ကျေးဇူးတင်စကား ပြောကြားပြီး The Dharma Drum Mountain Social Welfare&Charity Foundation, Taipei မှ Secretary General က ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်သို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကျောင်းဆောင်သစ်အဆောက်အအုံမှာ တစ်ဆောင်လျှင် အလျားပေ ၆၀၊ အနံပေ ၃၀ရှိ ကျောင်းဆောင်သစ်နှစ်ဆောင်နှင့် ခြံစည်းရိုး၊ ရေအိမ်တို့ပါဝင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးစပါးစိုက်ပျိုးရန် စီမံကိန်းတာဝန်ပေးအပ်

မော်လမြိုင်ကျွန်း မေ ၆

မော်လမြိုင်ကျွန်းမြို့နယ်၏ ၂၀၀၉-၂၀၁၀ ခုနှစ် မိုးစပါးစိုက်ပျိုးထုတ်လုပ်ရန် စီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ ၃ ရက် နံနက် ၁၀ နာရီက မော်လမြိုင်ကျွန်းမြို့ မော်ဇရာခန်းမဆောင်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအောင်ကျော်ခိုင်က အမှာစကား ပြောကြားသည်။

ပေးအပ်

ထို့နောက် မော်လမြိုင်ကျွန်း မြို့နယ်တွင်မိုးစပါးစိုက်ပျိုးထုတ်လုပ်ရန် စီမံကိန်းဧက ၂၂၁၈၂၇ဧကကို ကျေးရွာအုပ်စု ၁၀၈ အုပ်စုမှ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား မြို့နယ်ဥက္ကဋ္ဌဦးအောင်ကျော်ခိုင်**(ဝဲပုံ)**၊အတွင်းရေးမှူး ဦးဇော်မင်းထွန်းနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များက နယ်မြေအလိုက် မိုးစပါးစိုက်ပျိုးထုတ်လုပ်ရန် စီမံကိန်းတာဝန်များကို ပေးအပ်သည်။ (၁၄၂)

မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ပခုက္ကူ၌ ကျင်းပ

ပခုက္ကူ မေ ၆

(၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် နံနက် ၈နာရီက ပခုက္ကူမြို့ ခရိုင်မီးသတ်တပ်ဖွဲ့ဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ ခရိုင်မီးဘေးတားဆီးရေးနှင့် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်မောင်စိုးက အမှာစကားပြောကြားပြီး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ကြိုးပမ်းဆောင်ရွက်ခဲ့သော ရပ်ကွက်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်၍ မေ ၁ရက်က ကျောက်စောင်းကျေးရွာမီးဘေးသင့်ပြည်သူများအတွက် ပခုက္ကူမြို့ အမှတ် (၁၅)ရပ်ကွက်ပြည်သူများမှ ငွေနှင့်အသုံးအဆောင်ပစ္စည်းများ စုပေါင်းတန်ဖိုးငွေကျပ် ၄၀၈၅၀၀ကို ဦးသိန်းထွန်းက ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌဦးတင်မျိုးလတ်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(၀၇၀)**

အမေရိကန်၏ အီရန်အပေါ် အရေးယူပိတ်ဆို့ပါက နျူအစီအစဉ်ရပ်ဆိုင်းမည်မဟုတ်ဟု အီရန်ပြောကြား

တီဟီရန် မေ ၆

အီရန်နိုင်ငံသို့ လောင်စာတင်ပို့နေသည့် ကုမ္ပဏီများအား ပစ်မှတ်ထား၍ အမေရိကန်ပြည်ထောင်စုက အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့ပါက အီရန်က နျူကလီးယားအစီအစဉ် ရပ်ဆိုင်းမည်မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက မေ၄ရက်တွင် ပြောကြားသည်။

အီရန်အစိုးရ၏ နျူကလီးယားဆိုင်ရာ ရည်မှန်းချက်များနှင့်ပတ်သက်၍ သမ္မတအိုဘားမားက တွန်းအားထပ်မံပေးပါရန် အမေရိကန်အထက်လွှတ်တော်အမတ် ၂၅ဦးက အဆိုပြုခဲ့သည်။

ဖိအားပေး

အမေရိကန်နှင့် အနောက်အုပ်စုက အီရတ်နိုင်ငံသည် နျူကလီးယားဗုံးထုတ်လုပ်သည်ဟု သင်္ကာမကင်းဖြစ်နေပြီး ယူရေနီယံသန့်စင်မှုလုပ်ငန်း ရပ်ဆိုင်းရန် လိုလားနေကြသည်။ အီရန်က ယင်းစွပ်စွဲမှုကို ပယ်ချပြီး ဖိအားပေးမှုအား အညံ့ခံမည်မဟုတ်ဟု ပြောကြားသည်။

မိမိတို့က အမေရိကန်၏ အရေးယူမှုအပေါ် ကျော်လွှားနိုင်ရန် လုံးပန်းနိုင်ကြောင်း၊ အရေးယူပိတ်ဆို့မှုနှင့် ခြိမ်းခြောက်မှုများက အီရန်၏ နျူကလီးယားအစီအစဉ် ဆက်လက်ဆောင်ရွက်နိုင်မှုကို ရပ်တန့်စေမည်မဟုတ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဟက်ဆန်ကက်ရှ်ကာဗီက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ လေစွမ်းအင်ကဏ္ဍ ညီလာခံနှင့် ထုတ်ကုန်ပြပွဲတစ်ရပ် ကျင်းပရာ ဂျာမနီ၊ နော်ဝေ၊ ကိုရီးယားနှင့် တရုတ်နိုင်ငံမှ လေစွမ်းအင်ဆိုင်ရာ နည်းပညာရှင်များပါဝင်ပြသနေသည်ကို မေ၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်၌ ဗုံးနှစ်လုံး တစ်ပြိုင်နက် ပေါက်ကွဲ

ဘဂ္ဂဒက် မေ ၆

အီရတ်နိုင်ငံ၏မြို့တော် ဘဂ္ဂဒက်မြို့လယ်ရှိ အီရတ်ရေနံဝန်ကြီးဌာန အပြင်ဘက်တွင် မေ၄ရက်က ဗုံးနှစ်လုံးပေါက်ကွဲရာ လေးဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွား

အဆိုပါဗုံးများကို အီရတ်ရေနံဝန်ကြီးဌာန၏ အဆောက်အအုံအနီး မော်တော်ယာဉ်ရပ်နားရာနေရာရှိ မော်တော်ယာဉ်များပေါ်တွင် ထားခဲ့ခြင်းဖြစ်သည်။ ယင်းအဆောက်အအုံကို ရေနံဝန်ကြီးဌာနမှ အစောင့်များက ကာကွယ်စောင့်ရှောက်နေသည်။

တိုက်ခိုက်

ဒဏ်ရာရသူများမှ နှစ်ဦးမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်သည်။ မော်တော်ယာဉ်များမှ မီးခိုးလုံးကြီးများနှင့် မီးတောက်များ ပေါ်ထွက်လာပုံကို ရုပ်မြင်သံကြား၌ ပြသသည်။ အီရတ်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုသည် သိသာစွာကျဆင်းလျက်ရှိသော်လည်း သောင်းကျန်းသူများက ပုံမှန်တိုက်ခိုက်မှုများ ပြုလုပ်နေဆဲဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

လက်ထပ်ပွဲတွင် အကြမ်းဖက်တိုက်ခိုက်မှု တူရကီအရှေ့တောင်ပိုင်း၌ ၄၅ ဦးသေဆုံး

အန်ကာရာ မေ ၆

တူရကီနိုင်ငံ အရှေ့တောင်ပိုင်း မာဒင်းပြည်နယ် ဘီလ်ကျေးရွာ၌ မေ ၅ ရက်က လက်ထပ်ပွဲ အခမ်းအနားတစ်ခုအတွင်းသို့ မျက်နှာဖုံးစွပ်သေနတ်သမားများ ဝင်ရောက်ပြီး မောင်းပြန်သေနတ်များဖြင့် ပစ်ခတ်သည့်အပြင် လက်ပစ်ဗုံးများနှင့်ပါ ဖောက်ခွဲတိုက်ခိုက်သဖြင့် အနည်းဆုံး ၄၅ဦးသေဆုံးကြောင်း အာဏာပိုင်များက ပြောကြားသည်။

အဆိုပါအကြမ်းဖက် တိုက်ခိုက်မှုတွင် ဒဏ်ရာရသူ ၂၀ ရှိကြောင်း၊ အခင်းဖြစ်ပွားပြီးနောက် ထိုနေရာကို တူရကီတပ်ဖွဲ့ဝင်များက ဝိုင်းလိုက်သည်။ သေနတ်သမားများအား ဆက်လက်ရှာဖွေ ချေမှုန်းလျက်ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။**(အင်တာနက်)**

ဆေးကုသမှု ခံယူနေစဉ်

တူရကီနိုင်ငံ မာဒင်းပြည်နယ်ရှိ လက်ထပ်ပွဲအခမ်းအနား၌ ပစ်ခတ်မှုဖြစ်ပွားရာမှ ဒဏ်ရာရရှိသူတစ်ဦး ဆေးကုသမှုခံယူနေသည်ကို မေ ၅ရက်ကတွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်၌ တည်မြဲစွမ်းအင်စီမံကိန်းသစ် ၂၀၂၀ ပြည့်နှစ်တွင် မျှော်မှန်းချက်ပြည့်ဝစွာ ထုတ်လုပ်နိုင်မည်

ပေကျင်း မေ ၆

တရုတ်နိုင်ငံ၌ တည်မြဲစွမ်းအင်ကဏ္ဍ မြှင့်တင်ဆောင်ရွက်မှု ရည်မှန်းချက်အဖြစ် ၂၀၂၀ ပြည့်နှစ်အရောက်တွင် လေစွမ်းအင် ထုတ်လုပ်မှုပမာဏ ကီလိုဝပ်နာရီသန်းပေါင်း ၁၀၀ မှ ၁၅၀အတွင်း ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားရှိကြောင်း မေ ၅ ရက်က တရုတ်အာဏာပိုင်အဖွဲ့စီမံကိန်း၏ ပြောကြားချက်အရ ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

မူကြမ်းရေးဆွဲ

၄င်းနိုင်ငံတည်မြဲစွမ်းအင်စီမံကိန်း လုပ်ငန်းကို အမျိုးသားဖွံ့ဖြိုးမှုနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်အဖွဲ့တို့က မူကြမ်းရေးဆွဲလျက်ရှိကြောင်း လေစွမ်းအင်အဖွဲ့မှ ဒါရိုက်တာ ရှီပင်ဖိုင်က ပြောကြားသည်။

ထုတ်လုပ်

ယင်းစီမံကိန်းသစ်အရ ၂၀၂၀ ပြည့်နှစ်တွင် ရေအားလျှပ်စစ်စွမ်းအင်ကီလိုဝပ်နာရီသန်း ၃၀၀၊ ဇီဝစွမ်းအင် ကီလိုဝပ် နာရီသန်း ၃၀ နှင့် နေစွမ်းအင်ကီလိုဝပ် နာရီ ၁ ဒသမ၈သန်း ထုတ်လုပ်နိုင်မည် ဖြစ်သည်။ **(အင်တာနက်)**

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်း သစ်သီးလက်ကားရောင်းချသည့်ဈေး၌ မေ ၆ရက် နံနက်ပိုင်းက ထရပ်ကားဖြင့် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အခင်းဖြစ်အရပ်၌ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

(ယင်းတိုက်ခိုက်မှုကြောင့် ၁၀ဦးသေဆုံးပြီး ၃၇ဦး ဒဏ်ရာရရှိခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

ပြည်ပနိုင်ငံများသို့ ကျွန်းငယ်များရောင်းချရန် အင်ဒိုနီးရှား စီစဉ်လျက်ရှိ

ဂျကာတာ မေ ၆

သဘာဝဘေးဒဏ်ခံစားရသူများ ခိုလှုံရန်အတွက် ပြည်ပနိုင်ငံများသို့ အင်ဒိုနီးရှားပိုင် ကျွန်းငယ်များရောင်းချရန် အင်ဒိုနီးရှားအစိုးရက စီစဉ်လျက်ရှိကြောင်း ထိပ်တန်းပြောရေးဆိုခွင့်ရှိသူတစ်ဦးက မေ ၅ရက်တွင် ပြောကြားသည်။

ကီလိုမီတာ ၈၁၀၀၀ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် စတုရန်းကီလိုမီတာ ၅ဒသမ၈သန်းရှိသည့် အင်ဒိုနီးရှား ပင်လယ်ရေပိုင်နက်အတွင်းတွင် ကျွန်းငယ်ပေါင်း ၁၇၄၈၀ ရှိသည်။

စိုးရိမ်လျက်ရှိ

ကမ္ဘာ့တစ်ဝန်းရာသီဥတု ပြောင်းလဲမှုများမှာ ဖြစ်ပေါ်လျက်ရှိပြီး ၂၁၀၀ပြည့်နှစ်အရောက်တွင် ပင်လယ်ရေမျက်နှာပြင်မှာ ၅၉ စင်တီမီတာအထိ မြင့်တက်လာမည်ကို ကုလသမဂ္ဂက စိုးရိမ်လျက်ရှိသည်။

ပျောက်ကွယ်

ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုအပါအဝင် ရာသီဥတုပြောင်းလဲမှုများကြောင့် အင်ဒိုနီးရှားပိုင်ကျွန်း ၂၀ မှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်နေရသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပမည့် (၁၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မော်တော်ဆိုင်ကယ်ပြပွဲ၌ လာရောက်ကြည့်ရှုသူများကို မေ၄ရက်က တွေ့ရစဉ်။

(၄င်းပြပွဲ၌ နိုင်ငံပေါင်း ၉၀မှ ပါဝင်ပြသလျက်ရှိကြောင်းသိရသည်။)

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာတစ်ဝန်း A/H1N1 တုပ်ကွေးဖြစ်သူ ၁၄၉၀ သေဆုံးသူဦးရေမှာ ၃၁ သာရှိ

ပေကျင်း မေ ၆

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)နှင့်အစိုးရများထုတ်ပြန်သည့် စာရင်းအချက်အလက်များအရ ကမ္ဘာတစ်ဝန်းတွင် မေ ၅ရက်အထိ A/H1N1 တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူဦးရေမှာ ၁၄၉၀ ဦးရှိပြီး ထိုရောဂါဖြင့် သေဆုံးသူဦးရေမှာ ၃၁ ဦး ဖြစ်သည်ဟု သိရသည်။

ရောဂါဖြစ်ပွား

နိုင်ငံအလိုက် A/H1N1 တုပ်ကွေး ရောဂါဖြစ်ပွားသူများမှာ မက္ကဆီကို၌ ၈၂၂ဦး၊ အမေရိကန်၌ ၃၈၃ ဦး၊ ကနေဒါ၌ ၁၄၀၊ စပိန်၌ ၅၇ဦး၊ ဗြိတိန်၌ ၂၇ဦး၊ ဂျာမနီ၌ ကိုးဦး၊ နယူးဇီလန်၌ ခြောက်ဦး၊ ပြင်သစ်၌လေးဦး၊ အီတလီ၌ငါးဦးနှင့် အစ္စရေးလေးဦး၊ အယ်ဆာဗေဒိုး၌နှစ်ဦး၊ တောင်ကိုရီးယား၌နှစ်ဦး၊သြစတြေးလျ၊ ကော်စတာရီကာ၊ ကိုလံဘီယာ၊ ဒိန်းမတ်၊ ဟောင်ကောင်၊ အိုင်ယာလန်၊ နယ်သာလန်၊ ပေါ်တူဂီနှင့် ဆွစ်ဇာလန်တို့တွင် တစ်ဦးစီတို့ ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပုသိမ်မြို့မှ အောင်မြင်ဖြစ်ထွန်းနေသော ပေါင်းစည်းလယ်ယာစိုက်ပျိုးရေး

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ❖ ဓာတ်ပုံ-ကျော်မြင့်သန်း(လမ်းမတော်) ❖ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး

ပုသိမ် မေ ၆

ပုသိမ်မြို့ကိုရောက်တော့ မွန်းလွဲ ၁ နာရီ။ လူနေတိုက်တာများနှင့် ကျယ်ဝန်း သန့်ရှင်းသော မြို့တွင်း ကားလမ်းများကား မြို့ပြဖွံ့ဖြိုးတိုးတက်မှု၏ ပြယုဂ်များပင်ဖြစ်သည်။

ပေါင်းစည်းလယ်ယာ

အောင်မြင်မှုရရှိနေသော ပုသိမ်မြို့၏ ပေါင်းစည်းလယ်ယာ စိုက်ပျိုးရေးသို့ မြန်မာ့အလင်းသတင်းအဖွဲ့ မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့သည်။ ပုသိမ်မြို့ အရှေ့မြောက်ဘက် ရန်ကုန်-ငွေဆောင်-ချောင်းသာသွားရာ ကားလမ်းဘေးရှိ ဧရာဝတီ တိုင်း ငါးလုပ်ငန်းဦးစီးဌာနဝင်းရှေ့ ရောက်ပြီး ကားပေါ်မှ ဆင်းလိုက်သည်နှင့် ''ပေါင်းစည်းလယ်ယာစိုက်ပျိုးရေး၊ ပုသိမ်မြို့''ဟူသော ဆိုင်းဘုတ်က အထင်းသား ဆီးကြိုနေသည်။

အံ့သြသွား

ကားလမ်းပေါ်မှပင် ငါးမွေးကန်များနှင့် စိုက်ခင်းများအတွင်း အလုပ်လုပ်နေသူများကို လှမ်းမြင်ရသည်။ ပေါင်းစည်း လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ဝင်းအတွင်းဝင်ရောက်သွားရာ သန့်ရှင်းသပ်ရပ်သော ငါးမွေးကန်များ၊ ကန်ပေါင်များပေါ်တွင် စနစ်တကျ စိုက်ပျိုးထားသော စိုက်ခင်းကို တွေ့မြင်လိုက်ရသဖြင့် အံ့သြသွားသည်။

စိုက်ပျိုးထား

''ပုသိမ်မြို့မှာ ပေါင်းစည်းလယ်ယာ စိုက်ပျိုးရေးလုပ်နေတာ အားလုံးသုံးနေရာရှိပါတယ်။ အခု ဒီဝင်းထဲမှာရှိတဲ့ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးမှာတော့ ငါးမွေးကန်ငါးကန်၊ လေးဧက စပါးစိုက်ခင်း၊ ငါးမွေးကန်ပေါင်တွေပေါ်မှာတော့ပြောင်း၊ ချဉ်ပေါင်၊ ကန်စွန်း၊ ခရမ်းသီး၊ ငရုတ်၊ ဘူးနဲ့ မှိုတွေကို စိုက်ပျိုးထားပါတယ်'' လို့ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးအုန်းသန်းက ရှင်းပြသည်။

ငါးမွေးမြူရေးကန်များအတွင်း ရေများ ပြည့်နေသလို မွေးမြူထားသော တီလားပီးယားငါးများ၏ ရှင်သန်လှုပ်ရှားများကို မြင်တွေ့ရသည်။

မွေးမြူ

''ငါးမွေးကန်တစ်ကန်ကို တီလာပီးလားကောင်ရေ ၁၀၀၀ထည့်ပြီးမွေးထားတယ်။အသေအပျောက်မရှိပါဘူး၊ ငါးမွေးကန်တစ်ကန်ရဲ့ အကျယ်ကတော့ အလျားပေ ၂၆၀၊ အနံ ၇၄ပေနှင့် အနက်၄ပေ ရှိပါတယ်''ဟု ဦးအုန်းသန်းက ဆက်လက်ရှင်းပြသည်။ တီလားပီးယားငါးများကို ယခုနှစ်ဆန်းပိုင်းမှသာ စတင်ထည့်သွင်းမွေးမြူထားခြင်းဖြစ်ကြောင်း သိရသည်။

ငါးမွေးမြူ ကန်ပေါင်များပေါ်တွင် စနစ်တကျ စီတန်း စိုက်ပျိုးထားသော ကန်စွန်းရွက်များကလည်း စိမ်းလန်းလျက်၊ ချဉ်ပေါင်၊ ခရမ်းပင်များကလည်း သန်စွမ်းစွာ ပေါက်နေသည်မှာ အားရစရာပင်။ ထို့အတူ စပါးလေးဧက စိုက်ခင်းတွင်လည်း ဝင်းမှည့်နေသော စပါးနှံများမှာ မြေပြင်သို့ ညွှတ်ကျမတတ်။

ကန်ပေါင်စိုက်ခင်းများနှင့် တီလားပီးယားငါးများစွာ ဖြစ်ထွန်းနေသော ငါးကန်၏မြင်ကွင်း။

စနစ်တကျ

''တိရစ္ဆာန် မွေးမြူရေးမှာတော့ နို့စားနွား ငါးကောင်၊ ဆိတ် ငါးကောင်၊ ဝက်သုံးကောင်နဲ့ ဘဲအကောင် ၄၀ကို သူ့နေရာနဲ့သူ ကန်ပေါင်တွေပေါ်မှာပဲ စနစ်တကျမွေးထားတာပါ။ ဆိတ်ချေး၊ ဝက်ချေး စတဲ့ စွန့်ပစ်ပစ္စည်းတွေ တချို့ကို ငါးမွေးကန်ထဲမှာ ထည့်သွင်းတယ်။ ငါးအစာအဖြစ် အသုံးပြုပြီး တချို့ကိုတော့ အပင်မြေသြဇာအတွက် အသုံးပြုပါတယ်''ဟု ဦးအုံးသန်းက မြန်မာ့အလင်း အဖွဲ့သို့ ရှင်းပြသည်။

ပေါင်းစည်းပြုလုပ်ထား

ယခုကဲ့သို့ ပေါင်းစည်းလယ်ယာ စိုက်ပျိုးရေးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများက စုပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ပြီး ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဦးစီးဌာန၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း တို့က ပေါင်းစည်းဆောင်ရွက်ထားခြင်း ဖြစ်သည်။

ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးတွင် တိရစ္ဆာန်များ၏ စွန့်ပစ်အညစ်အကြေးများကို အလဟဿမဖြစ်စေခြင်း၊ ဆိတ်ချေးကို ငါးစာအဖြစ် အသုံးပြုခြင်းဖြစ်သလို နွားချေးက အပင်မြေသြဇာအတွက် အသုံးပြုခြင်းအပြင် သစ်ပင်ကြီးများမှ သစ်ရွက်များကလည်း မြေသြဇာအဖြစ် ပြန်သုံး၍ ရခြင်းဖြစ်သည်။

အကျိုးရှိ

''ဒီဝင်းတစ်ခုလုံးက အကျယ်၁၀ဧကခန့်ရှိပြီး ကပ်လျက်ရှိတဲ့ ငါးအောက်ချောင်းထဲက ရေတွေကို ပိုက်နဲ့သွယ်ပြီး စိုက်ပျိုးရေးအတွက် အကျိုးရှိအောင် အသုံးချနေပါတယ်''ဟု ၄င်းက ဆက်လက်ပြောကြားသည်။

ငါးမွေးမြူကန်တစ်ကန်မှာ ငါးကောင်ရေ ၁၀၀၀ခန့် ထည့်သွင်းမွေးမြူထားတာ ခြောက်လတစ်ကြိမ် ဖမ်းယူရောင်းချနိုင်နေပြီဖြစ်ပါတယ်။
(ဦးအုန်းသန်း)

ဆောင်ရွက်သင့်

အောင်မြင်ဖြစ်ထွန်းသော ပုသိမ်မြို့မှ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးကို မြင်တွေ့ရသည်မှာ အားရဖွယ်ဖြစ်ပေရာ နိုင်ငံတစ်ဝန်း ဤသို့ ဆောင်ရွက်သင့်ပါကြောင်း ကွင်းဆင်း ရေးသား ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ပေါင်းစည်းလယ်ယာ အဝင်လမ်း

ပေါင်းစည်းလယ်ယာမွေးမြူစိုက်ပျိုးမှု၏ အဝင်လမ်းမြင်ကွင်းကား အနုပညာမြောက်သည့် လှပသည့်မြင်ကွင်း။ (မြန်မာ့အလင်း)

ကန်စွန်းရွက်ခင်းများကလည်း ရှင်သန်လှ၏။ (မြန်မာ့အလင်း)

စပါးနှံများ ဝင်းမှည့်

ပုသိမ်မြို့ ပေါင်းစည်းလယ်ယာ စိုက်ပျိုးရေးတွင် စပါးနှံများ ဝင်းမှည့်နေသည်မှာ ရွှေရောင်တောက်လျက် မြင်တွေ့ရသည်။ (မြန်မာ့အလင်း)

ကချင်ပြည်နယ် လမ်း၊တံတားများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

တိုင်းမှူး ပိုလ်မှူးချုပ်စိုးဝင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၆

ကချင်ပြည်နယ်အတွင်း လမ်း၊ တံတားများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၅ ရက် နံနက်၉နာရီက မြစ်ကြီးနားမြို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

မှာကြား

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီးနှင့် ခရိုင်အင်ဂျင်နီယာမှူးများ၊ လမ်းအထူးအဖွဲ့များမှ တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဘိုမြို့နယ် တအုံကျေးရွာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ

ဝန်ကြီး ပိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်

နေပြည်တော် မေ ၆

အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်သည် မေ ၄ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည့် မေတ္တာရှင် နာရေးကူညီမှုအသင်း အလှူငွေ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး အသင်းမော်တော်ယာဉ် ဝယ်ယူရန် ငွေကျပ်သိန်း ၃၀ကို နာရေးကူညီမှုအသင်းဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ ဝန်ကြီးသည် ဝက်လက်မြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး လူနာများအား အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

တက်ရောက်အားပေး

ထို့နောက် ဝန်ကြီးသည် ရွှေဘိုမြို့နယ် တအုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးဇူးတုံ့ပြန်ခြင်း ကံစမ်းမဲဖွင့်လှစ်

ရန်ကုန် မေ ၆

MDG Co., Ltd. (Myanmar Distribution Group Co., Ltd.) က အရောင်းကုန်သည်ကြီးများအား မြန်မာနှစ်ကူး ကျေးဇူးတုံ့ပြန်ခြင်း အစီအစဉ်၏ ကံစမ်းမဲ ဖွင့်လှစ်ခြင်း အခမ်းအနားကို မေ ၂၅ရက် ညပိုင်းက ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ **(အပေါ်ပုံ)** MDG Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းက အရောင်းကုန်သည်ကြီးများအား မြန်မာနှစ်ကူး ကျေးဇူးတုံ့ပြန်ခြင်း အစီအစဉ်၏ ကံစမ်းမဲ ဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် MDG Co., Ltd. မန်နေဂျင်း ဒါရိုက်တာနှင့် တာဝန်ရှိသူများ၊ အရောင်းကိုယ်စားလှယ်များနှင့် တက်ရောက်လာသော မီဒီယာများက ကံစမ်းမဲများကို ရွေးချယ်ပေးကြသည်။

Myanmar Distribution Group Co.,Ltd. မှ ၂၀၀၉ခုနှစ် မတ်လနှင့် ဧပြီလများတွင် ပြုလုပ်ခဲ့သော အရောင်းကုန်သည်ကြီးများအား မြန်မာနှစ်ကူး ကျေးဇူးတုံ့ပြန်ခြင်း အစီအစဉ်၏ ကံစမ်းမဲ ကျပ်သိန်း၁၀၀၀ဖိုး ဖွင့်လှစ်ပေးခဲ့ပြီး ကျပ်၂၅သိန်း တစ်ဆု၊ ကျပ် ၁၅သိန်း ငါးဆု၊ ကျပ် ၁၀သိန်း ငါးဆု၊ ကျပ်ငါးသိန်း ဆု ၃၀၊ ကျပ်သုံးသိန်း ဆု ၅၀နှင့် ကျပ်တစ်သိန်း ဆု ၅၅၀တို့ကို မဲနှိုက်ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

Myanmar Distribution Group Co., Ltd. မှ Gold Roast ကော်ဖီမစ်၊ Calsome ကွေကာ၊ Royal Myanmar တီးမစ်၊ GoldRoast Gold ကော်ဖီ၊ BenCafe ကော်ဖီမစ်၊ Fresh-up လီမွန်တီး၊ Calsome Plus ကွေကာ၊ Calsome Plus စတော်ဘယ်ရီကွေကာ၊ Calsome Plus ချောကလက်ကွေကာတို့ကို ထုတ်လုပ်လျက်ရှိပြီး မြန်မာနိုင်ငံ တစ်ဝန်းသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆိပ်ကြီး-ခနောင်တိုမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် မေ ၂၆ ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီး-ခနောင်တိုမြို့နယ် ရှုခင်းသာ မြို့ပတ်လမ်း ကွန်ကရစ်လမ်း ခင်းကျင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနနှင့် (လမ်းနှင့်တံတား)ဌာနတို့မှ တာဝန်ရှိသူများက သောက်သုံးရေရရှိမှုအတွက် ဆောင်ရွက်နေမှုများနှင့် လမ်းနှင့်တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယမြို့တော်ဝန်က လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆိပ်ကြီး-ခနောင်တိုမြို့နယ် အနောက်ရပ်ကွက်ရှိ အောင်မင်္ဂလာကန် တူးဖော်နေမှုနှင့် သင်္ဘောဆိပ် အတက်၊ အဆင်းလမ်းပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ဒုတိယမြို့တော်ဝန်သည် မြို့နယ်ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား ထောက်ပံ့ငွေပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာပိုင် သစ်တောစိုက်ခင်း စိုက်ပျိုးရန် မော်လမြိုင်မြို့နယ်၌ တာဝန်ပေးအပ်

ရန်ကုန် မေ ၆

သစ်တောရေးရာ ဝန်ကြီးဌာန၏ လုပ်ငန်းညွှန်ကြားချက်ကို အကောင်အထည်ဖော်ရန်အတွက် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာနက ၂၀၀၉ ခုနှစ် မိုးရာသီ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာယူကလစ်အပင်၂၀နှင့် ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ဧက စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲကို မေ ၂၃ ရက်က မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မော်လမြိုင် မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးထွန်းအေးက တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာယူကလစ်အပင် ၂၀ နှင့် ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ဧကတို့ စိုက်ပျိုးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တာဝန်ပေးအပ်

ထို့နောက် မော်လမြိုင် သထုံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်က စမ်းကြီး၊ ကြာအင်း၊ နှောင်ခရီ၊ ရိုးဂိုးနှင့် ဖားအောက်ကျေးရွာများမှ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအား**(အပေါ်ပုံ)**စိုက်ပျိုးရန် တာဝန်ပေးအပ်လွှာများကို ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် စစ်တွေမြို့ ကန်တော်ကြီးတိုးချဲ့သောက်သုံးရေလှောင်ကန် အသစ်တိုးချဲ့တူးဖော်နေမှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘုန်းလွင်တို့ မေ ၂၄ရက်တွင် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(၁၁၃)

ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၉)ထုတ်ဝေ

ရန်ကုန် မေ ၆

ပြိုသရာသီ ကဆုန်လ၏စကားပန်းရန့်များနှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊မွေးမြူရေး၊ကျန်းမာရေးနှင့်ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၉)ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**



ဖော်ပြထား

ယခုအပတ် ဒို့ကျေးရွာ ဂျာနယ်တွင် သပြေပန်းစိုက်ပျိုးမိသားစုဝင်ငွေတိုး၊ မျိုး အတွက် မိုးကြိုစိုက်ပျိုးနည်းစနစ်၊ နာဂစ် အိပ်မက် ရေငန်ဝင် လယ်မြေ အသက်၊ မိုးမကျခင် လယ်ယာမြေ ကြိုတင်ပြင်ဆင်ကြရမည် စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ရေကန်သေးသေးနှင့် ငါးမွေးမြူနည်း၊ ဆုံလည်နွားကျွဲနည်း၊ အောင်မြင်ပြီးမြောက် ခရီးတစ်ခေါက် စသည့် မွေးမြူရေး ဆောင်းပါးများ၊ ဆင်ခြင်သုံးသပ် စားသုံးအပ်သည့် မှို၊ ကျန်းမာရေးအတွက် အုန်းရည်သောက်ပါ၊ အိုမင်းခြင်းကို ကာကွယ်ရန် အပြေးလေ့ကျင့်ခန်းလုပ်ပါ၊ ထိကရုံးပင် ဆေးဖက်ဝင်၊ အာဟာရကြွယ်ဝ ဆေးဖက်ဝင် ထန်းထွက်ပစ္စည်း၊ ရေနွေးကြမ်း သောက်သုံးခြင်းက လေဖြတ်ရောဂါ ကာကွယ်နိုင်၊ သက်ရှည်ကျန်းမာလိုလျှင် စသည့် ကျန်းမာရေး သတင်း၊ ဆောင်းပါးများ၊ ခါသဘင် ညောင်ရေသွန်းကြတယ် လွမ်းစရာ့ပွဲ၊ ချစ်ခင်တယ် အလေး ထားတယ်ဆိုတာကို ဖွင့်ဟပြောပါ ပြသပါ၊ ကမ္ဘာ့စီးပွားပျက်ကပ်ကို ဘယ်လိုကျော်ဖြတ်ကြမလဲ၊ မြန်မာ-အမေရိကန်ဆက်ဆံရေး ကောင်းမွန်လာနိုင်သည်ဟု လေ့လာသုံးသပ်သူများက ခန့်မှန်း၊ ဗီယက်နမ်နိုင်ငံအကြောင်းသိကောင်းစရာ၊ သမ္မတ အိုဘားမား အီရန်အပေါ် နွေးထွေးနိုင်မှာလား၊ ဝင်ရိုးစွန်းဒေသများတွင် ရေခဲများ လျင်မြန်စွာ အရည်ပျော်လျက်ရှိ စသည့် အသိပညာပေး သုတ၊ ရသ၊ ဆောင်းပါးများ၊ စာပေအလုပ်ကို အကောင်းဆုံး ဖြစ်အောင် လုပ်သွားမယ့် ဆရာမင်းယုဝေနှင့် တွေ့ဆုံခြင်း၊ နိုင်ငံတကာ၊ အားကစားသတင်းများ၊ ညောင်ပင်တစ္ဆေ ဝေလေလေ ဝတ္ထုတိုတို့အပြင် ကဗျာ၊ဟာသ၊ ကာတွန်း၊ ပုံပြင်၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ်၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

နွားထိုးကြီး၌ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နွားထိုးကြီး မေ ၆

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၈ရက်က မြို့နယ်စုပေါင်းရုံး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ(ယာယီ) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဝင်း၊ အတွင်းရေးမှူး ဦးရဲမြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်ဥက္ကဋ္ဌများ တက်ရောက်ပြီး နွေစပါးနှင့် ကြက်ဆူစိုက်ပျိုးပြီးစီးမှု သတိမူရေးလုပ်ငန်းများ ညှိနှိုင်းကြသည်။ (၀၉၂)

မြစ်ကြီးနားမြို့ မုန်ကျိန်လမ်း ကတ္တရာခင်း

မြစ်ကြီးနား မေ ၆

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိသော စီတာပူရပ်ကွက် အရှည်(၃၁၄၅×၁၂)ပေရှိ မုန်ကျိန်ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းဆောင်ရွက်မှုကို မတ် ၁၈ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်နှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်မော်သိန်းတို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြခဲ့သည်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

** ရှေ့ဖုံးမှ*

ရှေးဦးစွာဖွင့်ပွဲအခမ်းအနားအစီအစဉ် ပထမပိုင်းကိုကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်ရှေ့ သတ်မှတ်နေရာ၌ နေရာယူကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းတို့က အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို)တို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Internet & Video Conferencing Roomနှင့် လက်တွေ့စမ်းသပ်ခန်းများအတွင်း ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း၊ Solar Systemဖြင့် iPSTAR ဂြိုဟ်တုဆက်သွယ်ရေးဖမ်းစက် တပ်ဆင်ထားမှုကိုလည်းကောင်း၊ ထင်းလောင်စာသုံး Gasifer ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို မလိခူးခန်းမ၌ ကျင်းပသည်။

မှတ်တိုင်သစ်စိုက်ထူ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့သည် ကချင်ပြည်နယ်၌ရှိသည့် တိုင်းရင်းသားမျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိတို့ဒေသနှင့် နိုင်ငံတော်၏အကျိုးကို ခေတ်မီစက်မှုနည်းပညာဖြင့် သယ်ပိုးနိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် ကြိုးပမ်းမှုတစ်ရပ်အဖြစ် အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် စက်မှုလက်မှုသိပ္ပံကို ဖွင့်လှစ်နိုင်သည့်နေ့ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးမှတ်တိုင်သစ်တစ်ရပ် စိုက်ထူနိုင်ခြင်းပင်ဖြစ်ကြောင်း။

ဒေသများလုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှုများကိုရရှိလာခဲ့၍ ယခု ပူတာအိုဒေသ အပါအဝင် နယ်မြေဒေသများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

သို့ဖြစ်၍ နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို စနစ်တကျစီမံဖြည့်ဆည်းပေးလျက်ရှိကြောင်း။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ဒေသတစ်ခုမှ တစ်ခုသို့ လွယ်ကူစွာသွားလာနိုင်၍ တိုင်းရင်းသားအချင်းချင်း ထိတွေ့ဆက်ဆံမှုများလာသဖြင့် ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိလာပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကဏ္ဍများလည်း တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာကြောင်း။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာ ဆရာမများ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ စုပေါင်း၍ ကျောင်းဆောင်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကုံ့ကော်ပင်စိုက်ပျိုး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများသည် ကျောင်းဆောင်ရှေ့၌ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကုံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ကချင်ပြည်နယ်၏ သမိုင်းကြောင်းကို ပြန်လည်လေ့လာလျှင် နယ်ချဲ့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် ကျဉ်းမြောင်းသည့် လူမျိုးစွဲ၊ ဝါဒစွဲ၊ ဒေသစွဲများ ပေါ်ပေါက်ခဲ့၍ တိုင်းရင်းသားအချင်းချင်း သံသယစိတ်ဝင်ပြီး လက်နက်ကိုင်တိုက်ခိုက်ခဲ့မှုကြောင့်လည်းကောင်း၊ တောင်ကုန်းတောင်တန်းများ ပေါများသဖြင့် ခရီးလမ်းပန်းဆက်သွယ်မှုခက်ခဲ၍လည်းကောင်း ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးစီမံကိန်းများ

တပ်မတော်အစိုးရ နိုင်ငံတာဝန်ကို စတင်ယူသည့်အချိန်မှစ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သဖြင့် နယ်စပ်ဒေသများ အပါအဝင် နယ်မြေ

ရာသီမရွေးသွားလာနိုင်

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပူတာအိုဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေရန် ယခင်က နှစ်ည၊ သုံးညအိပ် ခရီးသွားခဲ့ရသော ပူတာအို-မြစ်ကြီးနားကားလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုအခါနေ့ချင်းပေါက်ခရီးသွားရောက်နိုင်သည်သာမက ရာသီမရွေး အသုံးပြုသွားလာနိုင်ပြီဖြစ်ကြောင်း။

ထို့အတူ ပူတာအိုဒေသနေပြည်သူများအတွက် ပို့ဆောင်ရေးကဏ္ဍ၌ အဓိကအားထားရသည့် ပူတာအိုလေဆိပ်တွင် ခရီးသည်တင်လေယာဉ်ကြီးများ ဆင်းသက်နိုင်ရန် လေယာဉ်ပြေးလမ်းကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး သိန်းစိန် အစိုးရစက်မှု လက်မှုသိပ္ပံ (ပူတာအို)တွင် ခင်းကျင်းပြသထားသည့် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

တပ်မတော်အရာရှိကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြစ်ကြီးနားမြို့ နမ်ပေါင်လေဆိပ်တွင် ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း လိုက်ပါလျက် မြစ်ကြီးနားမြို့မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၁၁ နာရီတွင် ပူတာအိုမြို့သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးချုပ်က ဒေသနေပြည်သူများ ရေရှည်စီးပွားရေး အကျိုးဖြစ်ထွန်းမည့် လက်ဖက်ကို ဦးစားပေးစိုက်ပျိုးသွားရန် မှာကြားသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထူးဖောင်ဒေးရှင်း၏ သုတေသနစိုက်ခင်း၌ စိုက်ပျိုးထားသည့် စပျစ်၊ တည်၊ မက်မွန်၊ သစ်တော်နှင့် ပန်းဂျုံအပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပူတာအိုမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

သီဆိုဖျော်ဖြေ

ထို့နောက် သင်တန်းခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံရာ ကျောင်းသား ကျောင်းသူများက ပြည်ထောင်စုအတွက် ထာဝစဉ်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

သုတေသနစိုက်ခင်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ပူတာအိုမြို့နယ် မူလာရှီးဒီကျေးရွာအုပ်စုရှိ ထူးဖောင်ဒေးရှင်း၏ သုတေသနစိုက်ခင်းသို့ ရောက်ရှိကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် တိုင်းရင်းသားဝတ်စုံများ ရက်လုပ်နေမှုနှင့် လက်မှုလူသုံးကုန်ပစ္စည်းများ ပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ ထူးထရေးဒင်း ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးတေဇက ထူးဖောင်ဒေးရှင်း၏ ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင်ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းရင်းသားဝတ်စုံများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပူတာအိုမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် သင်တန်းသူများကို အားပေးစကားပြောကြားစဉ်။

(သတင်းစဉ်)

တိုင်းရင်းသားဝတ်စုံများ ရက်လုပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပူတာအိုမြို့နယ် မူလာရှီးဒီကျေးရွာအုပ်စုတွင် တိုင်းရင်းသားဝတ်စုံများ ရက်လုပ်နေမှုနှင့် လက်မှုလူသုံးကုန်ပစ္စည်းများပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးတို့က ထောက်ပံ့ငွေများကိုလည်းကောင်း၊ တိုင်းမှူးနှင့်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်းပေးအပ်ကြရာ ကျောင်းအုပ်ကြီးဦးသန်းစိုးနှင့် ကျောင်းသားကျောင်းသူများက လက်ခံကြသည်။

လေ့ကျင့်သင်ကြား

ဆက်လက်၍ ဝန်ကြီးချုပ်သည် ကျောင်းဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ကျောင်းသား ကျောင်းသူများအား အတန်းပညာများ တတ်မြောက်စေရုံသာမက စည်းကမ်းကောင်းသူ၊ ကိုယ်ကျင့်တရား ကောင်းသူ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးကြရန် ဆရာ ဆရာမများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သင်တန်းကျောင်းအတွင်းရှိ လက်သမား၊ ပန်းရန်နှင့် သံချည်၊ သံကွေး အတတ်ပညာသင်တန်း လက်တွေ့အလုပ်ရုံ၌ သင်တန်းသားများ၏ လက်တွေ့လုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အမှန်တကယ်လုပ်ငန်းခွင်၌ လက်တွေ့ဆောင်ရွက်နိုင်သည်အထိ သင်ကြားပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာမများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးချုပ်သည် သင်တန်းသူများ၏ စက်ချုပ်လေ့ကျင့်နေမှုနှင့် သင်တန်းသူများ၏ အိမ်တွင်းမှုလက်ရာများနှင့် မုန့်မျိုးစုံ ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသူများကို အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သင်တန်းကျောင်းဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်တို့က စာအုပ်နှင့်ထောက်ပံ့ငွေများကို ပေးအပ်ကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ထွေးနှင့် သင်တန်းသူများက လက်ခံကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ငွေနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ကွင်းဆင်းပညာပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်သူများ၏ကျန်းမာရေး အဆင့်မြှင့်တင်နိုင်ရေးတွင် ကျန်းမာရေးဝန်ထမ်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားမှသာ တစ်မျိုးသားလုံး၏ ကျန်းမာရေး အဆင့်မြင့်မားလာမည်ဖြစ်၍ ကျေးလက်ဒေသများသို့ ကွင်းဆင်းကာ ကျန်းမာရေး အသိပညာပေးခြင်းနှင့် ကာကွယ်နည်းများကို သင်ကြားပေးရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည်ဆေးရုံအတွင်း ပြည်နယ်အထူးကုဆရာဝန်ကြီးများက မျက်စိ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ လည်ပင်းကြီးရောဂါနှင့် အထွေထွေရောဂါဝေဒနာရှင်များအား နယ်လှည့်အခမဲ့ကုသခြင်း အစီအစဉ်ဖြင့် ဆေးကုသပေးမှုကို ကြည့်ရှုစစ်ဆေးပြီး လူနာများကို အားပေးစကားပြောကြားသည်။

အခမဲ့တပ်ဆင်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မျက်စိခွဲစိတ်ကုသမှုခံယူထားသော မျက်စိဝေဒနာရှင်များအား မျက်မှန်များကို အခမဲ့တပ်ဆင်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် ဝန်ကြီးများက မျက်စိခွဲစိတ်ကုသမှု ခံယူထားသော မျက်စိဝေဒနာရှင်များအား မျက်မှန်များကို အခမဲ့ တပ်ဆင်ပေးကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)နှင့်အစိုးရနည်းပညာ အထက်တန်းကျောင်း(ပူတာအို) ဖွင့်ပွဲတွင် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မျက်မှန် တပ်ဆင်ပေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပူတာအိုခရိုင် ပြည်သူ့ဆေးရုံကြီးတွင် မျက်စိခွဲစိတ်ကုသမှုခံယူထားသော မျက်စိဝေဒနာရှင်များအား မျက်မှန်များကို တပ်ဆင်ပေးစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ပညာရေးကဏ္ဍတွင်လည်း လူတိုင်းအခြေခံပညာသင်ယူခွင့်ရရှိရေးအတွက် ကျောင်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင် ဆောင်ရွက်ပေးခြင်းနည်းတူ အဆင့်မြင့်ပညာကို မိမိတို့ဒေသအတွင်း၌ လက်လှမ်းတမီ သင်ယူခွင့်ရရှိရေး အတွက် ဘာသာရပ်ဆိုင်ရာ တက္ကသိုလ်များကို စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတကာအဆင့်မီ

ထို့အပြင် အမျိုးသားကျန်းမာရေး ရည်မှန်းချက်နှင့်အညီ ပြည်သူများ ကျန်းမာရေး အဆင့်အတန်းမြင့်မားစေရေးအတွက် ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ပေးသကဲ့သို့ ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ ဆရာဝန်၊ဆရာမများအား ပညာရပ်ဆိုင်ရာများ မြင့်မားရေး အတွက် နိုင်ငံတကာအဆင့်မီ သင်တန်းများကို စေလွှတ်သင်ကြားစေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကချင်ပြည်နယ်ရှိ ပူတာအိုဒေသသည် သဘာဝတောတောင် ရေမြေ သဘာဝအလှအပများ ပြည့်စုံသည့်အပြင် ကမ္ဘာ့ရှားပါးတိရစ္ဆာန်များနှင့် သစ်ခွမျိုးများပါ တည်ရှိသည့် ဒေသဖြစ်ပြီး သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် ဒေသတစ်ခုဖြစ်ကြောင်း။

အဆိုပါ သယံဇာတများကို ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ယူသုံးစွဲရန် နည်းပညာ၊ အတတ်ပညာ ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များကသာ ဖန်တီးဖော်ဆောင်နိုင်သည် ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် စက်မှုကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးသည် အဓိကလိုအပ်ချက် တစ်ရပ်အဖြစ် ခံယူထားရှိကြောင်း။

ပြုစုပျိုးထောင်

နိုင်ငံတော်၏ စက်မှုကဏ္ဍထွန်းကားရေး ကြိုးပမ်းရာတွင် မရှိမဖြစ်လိုအပ်သည့် စက်မှုအတတ်ပညာရှင် လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် ပြုစုပျိုးထောင် မွေးထုတ်နိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတစ်ခုကို သီးခြားဖွင့်လှစ်ပြီး နည်းပညာတက္ကသိုလ်များ၊ ကောလိပ်များ၊ စက်မှု လက်မှု သိပ္ပံကျောင်းများ ဖွင့်လှစ်၍ သင်ကြား လေ့ကျင့်ပေးလျက်ရှိကြောင်း။

ယင်းကဲ့သို့ နိုင်ငံတော်အတွက် လိုအပ်နေသော အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းရေးအတွက် အခြေခံပညာ အထက်တန်းအောင်မြင်ပြီး အဆင့်မြင့်ပညာ သင်ယူလိုသော ကျောင်းသားကျောင်းသူများအား သက်ဆိုင်ရာနည်းပညာ တက္ကသိုလ်များ၊ ကောလိပ်များသို့ တက်ရောက်သင်ကြားနိုင်ရေး စီစဉ်ပေးလျက်ရှိသည်သာမက အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများကို လုပ်ငန်းခွင်ကျွမ်းကျင်မှုနှင့် ဆက်စပ်သင်ယူလိုသည့် ကျောင်းသားကျောင်းသူများအတွက်လည်း ယခုကဲ့သို့ စက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများကို ဖွင့်လှစ်ပေးပြီး သင်ယူမှုအခွင့် အလမ်းကိုရရှိစေရန် စီစဉ်ပေးလျက်ရှိကြောင်း။

လေ့လာကြိုးစား

သို့ဖြစ်၍ စက်မှုလက်မှုသိပ္ပံကျောင်းများတွင် တာဝန်ယူသင်ကြားပေးသော ဆရာ ဆရာမများသည် မိမိတို့တပည့်များအား ထူးချွန်ထက်မြက်သူများဖြစ်စေဖို့ လေ့ကျင့်သင်ကြားပေးရန်နှင့် မိမိတို့ကိုယ်တိုင်လည်း အရည်အသွေးပြည့်ဝသည့် နည်းပြများဖြစ်အောင် နိုင်ငံတကာ တိုးတက်ဖြစ်ပေါ်မှုများကို စဉ်ဆက်မပြတ် လေ့လာကြိုးစားသွားကြရန်လိုကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ပေးထားသည့် အခြေခံကောင်းများ အပေါ် အခြေခံ၍ မိမိတို့ဒေသလူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်ဦးချင်းအလုပ်ကို ဝီရိယထားကြိုးပမ်း ဆောင်ရွက်ကြရန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း မိမိတို့တာဝန်ထမ်းဆောင်သည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို စေတနာထား ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းက အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် ကျောင်းသားကျောင်းသူများ တက်ရောက်သင်ကြားမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ပူတာအိုမြို့နယ်မှ ဦးမဖန်းဆင်ဆုန်းက အစိုးရစက်မှုလက်မှုသိပ္ပံ (ပူတာအို)နှင့်အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို)ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယခုဖွင့်လှစ်လိုက်သည့် အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (ပူတာအို)သည် နိုင်ငံတော်၏ တိုးတက်လာသော စီးပွားရေးနှင့် မရှိမဖြစ်လိုအပ်သော စက်မှုဆိုင်ရာအသိပညာနှင့် အတတ်ပညာရှင်များပြုစုပျိုးထောင်ရန်နှင့် နယ်စပ်ဒေသရှိ ကျောင်းသားကျောင်းသူများအနေဖြင့် မြေပြန့်ဒေသရှိ ကျောင်းသား ကျောင်းသူများနည်းတူ အဆင့်မြင့်နည်းပညာများ မိမိဒေသအတွင်း လွယ်ကူစွာသင်ယူ နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်သည်။

အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)တွင် မြို့ပြအင်ဂျင်နီယာသင်တန်း၌ ၂၅ ဦး၊ လျှပ်စစ်အင်ဂျင်နီယာသင်တန်း၌ ၃၅ဦး၊ စက်မှုအင်ဂျင်နီယာသင်တန်း၌ ၃၈ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ၉၈ဦး၊ အစိုးရနည်းပညာ အထက်တန်းကျောင်း(ပူတာအို)တွင် မြို့ပြအင်ဂျင်နီယာသင်တန်း၌ ၁၅၅ ဦး၊ လျှပ်စစ်အင်ဂျင်နီယာသင်တန်း၌ ၇၆ ဦး၊ စက်မှုအင်ဂျင်နီယာ သင်တန်း၌ ၁၃၆ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၆၇ ဦးတို့ တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နိုင်

ရန်ကုန် မေ ၆

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ မကွေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ မုံရွာမြို့တွင် ၄၂ဒီဂရီစင်တီဂရိတ်၊ ရွှေဘိုမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့နှင့် မကွေးမြို့တို့တွင် ၄၁ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မကွေးမြို့တွင် ၂ဒသမ ၁၆လက်မ၊ တောင်ငူ(လေကြောင်း)တွင် ၁ဒသမ၂၆လက်မနှင့် မင်းဘူးမြို့တွင် ၁ဒသမ ၀၂လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မေ ၇ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အတင့်အသင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)၌ ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်း ဆောင်ရွက်

ရန်ကုန် မေ ၆

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွန့်စိန်၊ ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာစိုးလွင်ငြိမ်းနှင့် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်တို့ ဦးဆောင်သော ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအဖွဲ့သည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန မြန်မာ့ခရီးသွားလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးဝင်းလှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြစ်ဝ၌ ရောက်ရှိနေသော ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.V Crystal Symphony ပေါ်သို့ သွားရောက်ကာ မြန်မာနိုင်ငံအတွင်းသို့ ကမ္ဘာ့လူတုပ်ကွေးရောဂါ ဝင်ရောက်မှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရန်နှင့် ကမ္ဘာလှည့်ခရီးသည်များ သွားလာမှု လွယ်ကူအဆင်ပြေစေ

လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါမှ ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၆ရက်က မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်။ (သတင်းစဉ်)

လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါမှ ကမ္ဘာ့လူတုပ်ကွေးရောဂါ ဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၅ရက်က ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.V Crystal Symphony ပေါ်မှ ကမ္ဘာလှည့်ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရေးအတွက် ကူညီဆောင်ရွက်ရန် အဆိုပါသင်္ဘောကြီးပေါ်ရှိ ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း၍ ကမ္ဘာလှည့်ခရီးသည်များ၏ လူနာမှတ်တမ်းများကို ကြည့်ရှုစစ်ဆေးပြီး ခရီးသည်များ၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ပူးပေါင်း ဆောင်ရွက်ပေးကြသည်။

ကိုယ်အပူချိန်တိုင်းတာ

မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)၌ ယင်းသင်္ဘောကြီးပေါ်မှ ကမ္ဘာလှည့်ခရီးသည်များအား အပူချိန်တိုင်းကိရိယာများဖြင့် ကိုယ်အပူချိန်တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ပါရှိလာခြင်း မရှိ

အဆိုပါ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M. V Crystal Symphony သည် Myanmar Voyages International Tourism Co.,Ltd. ၏ စီစဉ်မှုဖြင့် အမေရိကန်နိုင်ငံ အခြေစိုက် Crystal Cruises မှ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၃၉၄ဦးနှင့် သင်္ဘောအမှုထမ်း ၅၄၆ဦးတို့အား သယ်ဆောင်လာရာ ဝက်တုပ်ကွေးရောဂါဝေဒနာရှင် တစ်ဦးတစ်ယောက်မျှ ပါရှိလာခြင်း မရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဝက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အစီအမံများ ဆောင်ရွက်လျက်ရှိ မြန်မာနိုင်ငံတွင် မွေးမြူရေးဝက်များသို့ ကူးစက်ဖြစ်ပွားမှု မရှိသေး

နေပြည်တော် မေ ၆

လူတွင်ဖြစ်ပွားသော A/H_1N_1 ဗိုင်းရပ်စ်ရောဂါသည် ဧပြီ ၁၇ရက်မှ မေ ၅ရက်အထိ ရောဂါသံသယနှင့် အတည်ပြု နိုင်ငံပေါင်း ၂၁နိုင်ငံသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး ရောဂါသံသယကူးစက်ခံရသူ ၅၃၆၈ဦး၊ အတည်ပြုရောဂါဖြစ်ပွားသူ ၁၄၉၀၊ သေဆုံးသူ ၃၁ဦးရှိခဲ့ပြီး အာရှ၊ ပစိဖိတ်ဒေသအတွင်း တောင်ကိုရီးယားနှင့် ဟောင်ကောင်တို့၌ အတည်ပြုရောဂါဖြစ်ပွားသူ သုံးဦး ပါဝင်ကြောင်း သိရှိရသည်။

ကြိုတင်တားဆီး

ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ တိရစ္ဆာန်ဆေးကုအကြီးအကဲ Dr. Joseph Domenech က ကနေဒါနိုင်ငံ အယ်ဘာဒါဝက်ခြံ၌ လူမှဝက်သို့ A/H_1N_1 ဗိုင်းရပ်စ်ကူးစက်တွေ့ရှိမှုနှင့်ပတ်သက်၍ မေ ၄ရက်က ပြောကြားရာတွင် တုပ်ကွေးဗိုင်းရပ်စ်သည် လူမှတိရစ္ဆာန်သို့ ကူးစက်နိုင်သော သဘာဝရှိခြင်းကြောင့် အံ့သြထိတ်လန့်စရာမဟုတ်ကြောင်း၊ လူနှင့် တိရစ္ဆာန်ဗိုင်းရပ်စ် ကူးစက်မှုရှိလာသဖြင့် တိရစ္ဆာန်ကျန်းမာရေးသတိဖြင့် စောင့်ကြည့်ရန် လိုအပ်ကြောင်း၊ ဝက်များတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများတွေ့ရှိပါက သီးခြားထားရှိခြင်း၊ သွားလာမှုကန့်သတ်ခြင်း၊ တိရစ္ဆာန်ဆေးကုဌာနသို့ ချက်ချင်း သတင်းပို့ခြင်းများဆောင်ရွက်ရန် အကြံပြုကြောင်း၊ တုပ်ကွေးရောဂါကာကွယ်တားဆီးရေးအတွက် ဝက်များအား သတ်ဖြတ်သုတ်သင်ခြင်းသည် ပြည်သူ့ကျန်းမာရေးနှင့် တိရစ္ဆာန်ကျန်းမာရေးအထောက်အကူပြုမည် မဟုတ်ကြောင်း၊ ရောဂါ အရင်းအမြစ် စူးစမ်းရှာဖွေမှုနှင့် အထွေထွေဇီဝလုံခြုံမှု မြှင့်တင်ခြင်းသည် အကောင်းဆုံးကြိုတင်တားဆီးမှုဖြစ်ပါကြောင်း ရှင်းလင်းထုတ်ပြန်ထားသည်။

FAO, WHO, Codex Alimentarius Commission နှင့် OIE တို့မှ ဝက်သားနှင့် ဝက်ထွက်ပစ္စည်းများကို စနစ်တကျ ကိုင်တွယ်ချက်ပြုတ်စားသောက်ပါက ရောဂါကူးစက်မှု အန္တရာယ်မရှိနိုင်ကြောင်း အလေးအနက် ပြောကြားသည်။

ပညာပေးနှိုးဆော်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်နယ်၊တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်တွင် ဒေသအာဏာပိုင်အဖွဲ့အစည်း၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဝက်တုပ်ကွေး အသိပညာပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များ ရှင်းလင်းထုတ်ပြန်ခြင်း၊ ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ ဇီဝလုံခြုံမှုမြှင့်တင်ခြင်းများ၊ ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၈ရက်တွင် ရန်ကုန်မြို့၌ မြန်မာနိုင်ငံ FAO နည်းပညာအကြံပေး အကြီးတန်းအရာရှိ Dr. Murray Maclean၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးနှင့် ပြည်နယ်၊တိုင်း တိရစ္ဆာန်ဆေးကု ဆရာဝန်များ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဝက်မွေးမြူရေးလုပ်ငန်းရှင် ၆၀ကျော်နှင့် ဝက်တုပ်ကွေး ကြိုတင်ကာကွယ် တားဆီးရေး အစီအမံများ၊ ဇီဝလုံခြုံမှုအစီအစဉ်များ၊ ရောဂါရှာဖွေ ကုသမှုလုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်၍ ရောဂါကာကွယ် တားဆီးရေး ကြိုတင်ပြင်ဆင် ညှိနှိုင်းခဲ့သည်။ ပြည်ပမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် လူပုဂ္ဂိုလ်များအား ဝက်ခြံများသို့ အကြောင်းအမျိုးမျိုးဖြင့် တိုက်ရိုက်မသွားရောက်စေဘဲ ဇီဝလုံခြုံမှုအစီအမံများ ဆောင်ရွက်ပြီးမှသာ သွားရောက်ရန် ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် မေ ၅ရက်အထိ လူတွင်ဖြစ်ပွားသော တုပ်ကွေး A/H_1N_1 ဗိုင်းရပ်စ်ရောဂါသည် မွေးမြူရေးဝက်များသို့ ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဝက်တုပ်ကွေးရောဂါ မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိရေး နယ်စပ် ဝင်ပေါက် ထွက်ပေါက်များ၌ ကျန်းမာရေးစစ်ဆေးနေ

နေပြည်တော် မေ ၆

တုပ်ကွေးရောဂါ A/H_1N_1 သည် ဧပြီ ၁၇ရက်မှ စတင်၍ ဖြစ်ပွားခဲ့ရာ ယနေ့အထိ ကမ္ဘာပေါ်တွင်အတည်ပြု တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၄၉၀ရှိပြီး သေဆုံးသူ စုစုပေါင်း ၃၁ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေ ၅ရက်တွင် ထုတ်ပြန်ထားသော သတင်းများအရ သိရှိရပြီး မက္ကဆီကိုနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၁နိုင်ငံ၌ ရောဂါကူးစက်မှုရှိခဲ့ကြောင်း သိရှိရသည်။

စတင်ဆောင်ရွက်

တုပ်ကွေးရောဂါ A/H_1N_1 မှ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဧပြီ ၂၅ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ Influenza A/H_1N_1 မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မလာစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော နေ့စဉ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ ဆေးကုသမှုလုပ်ငန်းဆိုင်ရာ ပြင်ဆင်ထားရှိခြင်း၊ ဆေးရုံများတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းနှင့် ဓာတ်ခွဲစမ်းသပ်နိုင်ရန် ပစ္စည်းများဖြန့်ဖြူးထားရှိခြင်း၊ လူနာသီးသန့်ဆောင်များ အသင့်အနေအထား ပြင်ဆင်ထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အသိပညာပေး

ပြည်သူလူထုအား ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ A/H_1N_1 ဖြစ်ပွားမှုအခြေအနေကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှတစ်ဆင့် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ကျန်းမာရေးအသိပညာပေးခြင်း၊ အချိန်နှင့် တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၉ရက်မှ စတင်၍ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် နယ်စပ်ဒေသဝင်ပေါက်၊ ထွက်ပေါက်များ၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကူးစက်မှုလုံးဝမရှိ

မြန်မာနိုင်ငံ၌ ယနေ့အထိ တုပ်ကွေးရောဂါ A/H_1N_1 ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး၊
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များ၌ ကျန်းမာရေးဆောင်ရွက်မှု လုပ်ငန်းများ ဝန်ကြီးဒေါက်တာကျော်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၆

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းမြင့်၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာတင်ညွန့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁ ရက်တွင် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ကျန်းမာရေးဦးစီးဌာန ပြုပြင်တည်ဆောက်မှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်ချက်များ ဖြည့်ဆည်း မှာကြားသည်။

နှုတ်ဆက်အားပေး

ဝန်ကြီးသည် မေ ၂ရက် နံနက်စနာရီတွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ရှိ အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းအခမဲ့ ကုသရေးအဖွဲ့၏ ပြင်ပလူနာဌာန၊ လူနာမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်နေမှု၊ ဆေးပေးခန်း၊ တိုင်းရင်းဆေးအထူးကုသခန်း၊ အရေပြားအထူးကုသခန်း၊ ခုခံကျ ကာလသားရောဂါ၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါအထူးကုသခန်း၊ ခွဲစိတ်အထူးကုသခန်း၊ အထွေထွေရောဂါ၊ သားဖွားနှင့် မီးယပ်အထူးကုသခန်း၊ ကလေးအထူးကုသခန်း၊ သွားနှင့်ခံတွင်း အထူးကုသခန်းများ၌ စမ်းသပ်ကုသပေး မှုများကို လှည့်လည်ကြည့်ရှု အားပေးကာ လူနာများအား နှုတ်ဆက်အားပေးသည်။

ဝန်ကြီးသည် မေ ၃ရက် နံနက် စနာရီခွဲတွင် မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ မြန်မာနိုင်ငံ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် Dr. Yoshifumi Fujita ဦးဆောင်သော ဂျပန်နိုင်ငံ မျက်စိအထူးကုဆရာဝန်ကြီးများ ပူးပေါင်းဆောင်ရွက်မည့် အခမဲ့မျက်စိ အတွင်းတိမ်ခွဲစိတ်ကုသခြင်း ဆောင်ရွက်မည့်အစီအစဉ်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီးသည် မျက်စိရောဂါ ဝေဒနာရှင်များနှင့် လူနာရှင်များအား နှုတ်ဆက်အားပေးပြီး မျက်စိအထူးကု ဆရာဝန်ကြီးများ၏ မျက်စိစမ်းသပ်စစ်ဆေး ခွဲစိတ်ကုသမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ မျက်စိအခမဲ့ ခွဲစိတ်ကုသမှု လုပ်ငန်းအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဝန်ကြီး ဒေါက်တာကျော်မြင့်သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်၍ လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါ (Swine Influenza)မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိသော ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးစစ်ဆေးစမ်းသပ်မှု**(အပေါ်ပုံ)**အခြေအနေများနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်ပမှရောက်ရှိလာသည့် ခရီးသည်များအား ကျန်းမာရေးစစ်ဆေး စမ်းသပ်မှုလုပ်ငန်းဆောင်ရွက်နေမှုတို့ကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်ကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၅-၂၀၀၉
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၁၅ MRTV-4 နံနက်ခင်းသတင်း
- ၆း၀၀ **နှောင်ဖွဲ့ခြင်းနှင့် လွတ်မြောက်ခြင်း** တရားတော် (အရှင်ဥတ္တရ ကျိုက်ဒေးယျုံဆရာတော်)
- ၇း၀၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၂၇)
- ၇း၃၀ The Jetsons
- ၈း၀၀ MRTV-4 နံနက်ခင်းသတင်း
- ၈း၄၅ အနုပညာမိုးကောင်းကင်
- ၉း၁၀ အဓိဋ္ဌာန်ပြုကာဆုခြွေမည် ဦးရာဇ်တော်စေတီ
- ၉း၂၅ Yangon Panorama (ကမ္ဘာ့အသိဘဏ်ပစ္စည်းဆိုင်ရာနေ့ အထိမ်းအမှတ် အခမ်းအနား)
- ၉း၅၀ **မပြောမပြီး မတီးမမြည်** နေရဲလင်း၊ မိုးဇော်၊ မောင်မောင်မြင့်၊ ရှင်ဖုန်းသိမ့်ချယ်၊ နိုင်ဆုသွယ် (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၁၀း၁၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ကချင်တိုင်းရင်းသား ရိုးရာဖက်ရှင်)
- ၁၀း၄၀ တေးဂီတအစီအစဉ်
- ၁၁း၀၀ စားချင်စဖွယ် နည်းအသွယ်သွယ် (ဖက်ထုတ်ပြုတ်၊ ဝက်သားစဉ်းကောဆလတ်)
- ၁၁း၂၀ ကမ်းခြေဟိုတယ်တစ်ခု၏ ဗိသုကာအနုပညာ
- ၁၁း၃၀ Fashion Guide (အလှအပနှင့်နွေရာသီ)
- ၁၂း၀၅ အားလပ်ရက်တစ်နေ့မှာ (စားချင်ဖွယ်ရာကိုးကန့်ရိုးရာ အစားအစာ)
- ၁၂း၃၀ Shopping Guide (ကမ္ဘာအေးဂမုန်းပွင့်ဒုတိယထပ်)
- ၁၂း၄၀ Activities in the City (အင်းဝစာအုပ်တိုက်၏ ဗုဒ္ဓစာပေပွဲတော်)
- ၁း၀၀ **နှောင်ဖွဲ့ခြင်းနှင့် လွတ်မြောက်ခြင်း** တရားတော် (အရှင်ဥတ္တရ ကျိုက်ဒေးယျုံဆရာတော်)
- ၂း၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ကဝေပျို၏ပစ္စုပ္ပန်**
- ၂း၃၅ လက်သည်းပန်းချီ (အပိုင်း-၂)
- ၂း၅၀ သိမြင်သုတ တိုးပွားစေရာ ဆဋ္ဌသံဂါယနာ မော်ကွန်းပြတိုက်မှာ
- ၃း၂၀ ရွေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (Private International Preschool)
- ၃း၄၀ Rainforest Homeland (အပိုင်း-၂)
- ၄း၀၅ သူတို့ပြောတဲ့ သူတို့အကြောင်း (သန်းသန်းစိုး)
- ၄း၂၀ စပါးမှဆန်အသွင် မြောင်းမြခရိုင်၏ဂုဏ်အင်
- ၄း၃၀ တေးဂီတအစီအစဉ်
- ၄း၅၀ စိတ်ကြွရူးသွပ်ဆေးအန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်သော်)
- ၅း၂၀ အလှဆင်စရာ ပရိဘောဂကမ္ဘာ(ချမ်းမြေ့သာ)
- ၅း၄၅ Yangon Panorama (ကမ္ဘာ့အသိဘဏ်ပစ္စည်းဆိုင်ရာနေ့ အထိမ်းအမှတ်အခမ်းအနား)
- ၆း၀၀ MRTV-4 ညနေခင်းသတင်း
- ၆း၁၅ အနုပညာမိုးကောင်းကင်
- ၆း၄၀ Activities in the City (အင်းဝစာအုပ်တိုက်၏ ဗုဒ္ဓစာပေပွဲတော်)
- ၆း၅၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ဖက်ထုတ်ပြုတ်၊ ဝက်သားစဉ်းကောဆလတ်)
- ၇း၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ကဝေပျို၏ပစ္စုပ္ပန်**
- ၇း၄၀ Shopping Guide (ကမ္ဘာအေးဂမုန်းပွင့်ဒုတိယထပ်)
- ၈း၀၀ MRTV-4 သတင်း
- ၈း၁၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ကချင်တိုင်းရင်းသားရိုးရာ ဖက်ရှင်)
- ၈း၅၀ ရွေးချယ်အစုံစုံရင်သွေးရိပ်မြုံ (Private International Preschool)
- ၉း၁၀ လက်သည်းပန်းချီ(အပိုင်း-၂)
- ၉း၃၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၂၇)
- ၁၀း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၁း၄၅ သူတို့ပြောတဲ့ သူတို့အကြောင်း (သန်းသန်းစိုး)
- ၁၂း၀၅ Rainforest Homeland (အပိုင်း-၂)
- ၁၂း၀၅ အားလပ်ရက်တစ်နေ့မှာ (စားချင်ဖွယ်ရာကိုးကန့်ရိုးရာ အစားအစာ)
- ၁း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သစ်သီးအလှ ပြုပြင်ခြင်းသင်တန်းဖွင့်

ရန်ကုန် မေ ၆

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ သစ်သီးအလှပြုပြင်ခြင်းနှင့် အိုရီဂါမီ(Origami)ဂျပန်စက္ကူအရုပ်ခေါက်နည်းသင်တန်းဖွင့်ပွဲကို မေ ၅ရက် မွန်းလွဲ ၁နာရီခွဲက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်း အဝေးခန်းမတွင် ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးကြည်နှင့်အဖွဲ့ဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ အဆိုပါသင်တန်းမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းဆရာမဒေါ်ဌေးဌေးဝင်း(ဂျပန်ပြန်) က စနစ်တကျ အသေးစိတ်တတ်မြောက်အောင် သင်ကြားပေးမည်ဖြစ်သည်။**(၁၀၀)**

NLD ဌာနချုပ်သို့ ဧပြီလအတွင်း အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က (၁၈)ကြိမ်ဝင်ထွက်ခဲ့

ရန်ကုန် မေ ၆

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှုသတိပြုနေကြသည်။

ဝင်ထွက်ခဲ့

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၀၉ခုနှစ် ဧပြီလအတွင်း (၁၈)ကြိမ်ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါ သံရုံးများသည် NLD, CEC အဖွဲ့ဝင်များနှင့်တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ်ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် (အဖိတ်နေ့)
၇-၅-၂၀၀၉ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သတ္တသတ္တာဟစံနေတော်မူခန်း
- ၈း၀၀ ၅။ အကပဒေသာ
- ၈း၁၀ ၆။ ဓမ္မပူဇာတေးအစီအစဉ်
- ၈း၂၀ ၇။ အတီးပြိုင်ပွဲ
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ မံဆောင်းတံတား (ချင်းပြည်နယ်)
- ၄း၂၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၃၀ ၅။ တေးဂီတအစီအစဉ်
- ၄း၄၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၅း၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၂၀ ၉။ **မူးလျှင်မမောင်နဲ့ မောင်းလျှင်မမူးနဲ့** လူမင်း၊ သူသူဟံသာ၊ အိမ်အိမ်း (ဒါရိုက်တာ-သက်တင်)
- ၅း၃၀ ၁၀။ သက်တံရောင်သံစဉ်
- ၅း၄၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၄။ ပျော်ရွှင်စေသောနေ့ရက်များ **အလိုလိုက်ခြင်းနည်း** စိုးရန်အောင်၊ ညီထက်၊ ရွှေစင် (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆း၅၅ ၁၅။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၁၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာရင်ခွင်**(အပိုင်း-၇)
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၂၀)
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူနိုးဝေဝေချစ်သက်တည်** (အပိုင်း-၂၀) ဒုတိယတွဲ (ဇာတ်သိမ်းပိုင်း)
- ၂၂။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် တနင်္သာရီတိုင်းတို့၌ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

နေပြည်တော် မေ ၆

ရန်ကုန်မူးယစ်(အရှေ့)အထူးအဖွဲ့မှ တာဝန်ရှိသူများသည် ဧပြီ၂၇ရက် ညနေရီ ၁၅မိနစ်ခန့်တွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း၌ မောင်မောင်နိုင် မောင်းနှင်သည့် ယာဉ်အမှတ် ည/၆၄၄၇ ဟိုင်းလတ်အနီရောင်ကို ရှာဖွေရာ ယာဉ်ပေါ်တွင် ပါရှိသော မြွေရေခွံအိတ်အတွင်းမှ ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသည့် ဘိန်းဖြူဘလောက်တုံးတစ်တုံး (အလေးချိန်ဂရမ် ၃၅၀)ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံမောင်မောင်နိုင်အား စစ်ကြောချက်အရ တောင်ကြီးမြို့နေ ထွန်းရွှေ၊ မနန်းခမ်းသူဇာ၊ အောင်ပိုင်နှင့် မစန္ဒာတို့ထံမှရရှိကြောင်းသိရ၍ ဧပြီ၂၈ရက် နံနက်၆နာရီ ၁၀မိနစ်တွင် တောင်ကြီးမူးယစ်အဖွဲ့မှ တာဝန်ရှိသူများသည် ထွန်းရွှေ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိမ်မီးဖိုအောက်မြေကြီးအတွင်းမှ ပလတ်စတစ်အိတ်ဖြင့် ထုပ်လျက် ဘိန်းဖြူ ဘလောက်တုံးနှစ်တုံး အလေးချိန်ဂရမ် ၇၀၀ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံမောင်မောင်နိုင်၊ ထွန်းရွှေ၊ မနန်းခမ်းသူဇာနှင့် အောင်ပိုင်တို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး အခြားတရားခံတစ်ဦးဖြစ်သူ မစန္ဒာ(ခ) မထက်ထက်(ခ) မနော်နှင့် ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖမ်းဆီးစစ်ဆေး

ထို့အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူများသည် ဧပြီ၂၈ရက် နံနက်၉နာရီ မိနစ် ၄၀ခန့်တွင်ကျောက်မဲမြို့ အမှတ်၉ရပ်ကွက် နယ်မြေ (၁၁) အမှတ်(၉/၄၄၁)နေ ဦးမျိုးလှ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ပလတ်စတစ်ဖြင့် ထုပ်ထားသော ဘိန်းဖြူ အလေးချိန် ၂ ဂရမ်၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇ပြား၊ ခတ်ခူးချက်လုပ်ရာတွင် အသုံးပြုသည့် မြင်းခွာရွက်ခြောက်(၁ ဒသမ ၄) ဂရမ်၊ ဘိန်းဆီကပ်နေသည့် လက်ကိုင်ပါဒန်ဒယ်အိုး တစ်ခုနှင့် မူးယစ်ဆေးဝါးရောင်းချရ ငွေကျပ် ၄၄၅၀၀၀တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ထို့အပြင် အိမ်နောက်ဘက် ဂိုဒေါင်အတွင်းရှိ ခုတင်ပေါ်၌ မူးယစ်ဆေးဝါးသုံးစွဲနေသည့် ကျော်လှုအား တွေ့ရှိရပြီး ၎င်းနှင့်အတူ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြား၊ ခတ်ခူး အလေးချိန် ၂ ဂရမ်၊ ခတ်ခူးရှူရာတွင် အသုံးပြုသည့် အချိုရည်ဘူး တစ်ဘူး၊ ၎င်းပိုင် ယမဟာဒီတီ ၁၂၅ ယာဉ်အမှတ် မတလ/၂၇၉၃၃၃ ဆိုင်ကယ်တစ်စီးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ တရားခံမျိုးလှနှင့် ကျော်လှုတို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်း ဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖမ်းဆီးရမိရေး

အလားတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် ဧပြီ ၂၈ရက်ည ၉နာရီခွဲတွင် လားရှိုးမြို့ရပ်ကွက်(၁) နယ်မြေ(၁) ပါရမီလမ်းရှိ မနာဘို၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ အက်ဖီဒရင်း (၆)ကီလိုနှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၇၅၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ၎င်းအား စစ်ကြောချက် အရ ဆက်စပ်တရားခံ လားရှိုးမြို့ ရပ်ကွက်(၅)နေ မနာရီးအား ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါ တရားခံများအား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက် တရားခံများအား ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထပ်မံသိမ်းဆည်းရမိ

ထို့အပြင် တနင်္သာရီတိုင်းကော့သောင်း မူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် ဧပြီ ၂၈ ရက် ည ၁၁နာရီခန့်တွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာ အောင်မင်္ဂလာရပ်ကွက် သုခ(၇)လမ်း အမှတ် ၄၃၇နေ မထွေးရီ၏ အိမ်ကို ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအတွင်း ပလတ်စတစ် အိတ်ဖြင့် ထည့်ထားသည့် ဘိန်းစာမှုန့် အလေးချိန် ၁ ဒသမ ၉၆ ကီလိုကို သိမ်းဆည်းရမိခဲ့ကြောင်း၊ မထွေးရီအား စစ်ကြောချက်အရ တနင်္သာရီမြို့ တနင်္သာရီစက်လှေဆိပ်ရှိ စက်လှေတစ်စင်း အတွင်း ဝါးခြင်းတောင်းနှစ်လုံးအတွင်းမှ ဘိန်းစာမှုန့် ၃၈၅ ထုပ် အလေးချိန် ၂၆ ဒသမ ၉၅ ကီလိုကို ထပ်မံသိမ်း ဆည်းရမိခဲ့ကြောင်း၊ မထွေးရီနှင့် ဆက်စပ် တရားခံ မြိတ်မြို့နေ ဦးရှိန်၊ ခိုင်လင်းတို့အား ဖမ်းဆီးရမိခဲ့ပြီး မြိတ်မြို့ တပ်ပြင်ရပ်နေ ခြေသိမ်(ခ) ဖိုးချစ်မှာ ထွက်ပြေး တိမ်းရှောင်လျက်ရှိကြောင်း၊ ဖိုးချစ်နှင့် ကွင်းဆက်တရားခံများအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲများ ကျင်းပမည်

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု Info Myanmar Conputer Service & Training Centre ၏ ပံ့ပိုးမှုတို့ဖြင့် မေ ၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သီရိအဏ္ဏဝါခန်းမ၌ ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က "နောက်လိုက်ကောင်းများ" (Followership) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချန်ပီယံလိဂ်ဖလားကာကွယ်ဖို့ စိတ်ဓာတ်တွေမြင့်တက်နေ — ဖာဂူဆန်
လူငယ်တွေမို့ အားနည်းချက်များရှိနေဆဲဖြစ် — အာစင်ဝင်းဂါး

ရေးသားတင်ပြသူ-မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

လန်ဒန် မေ ၆

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် အာဆင်နယ်နှင့် လက်ရှိချန်ပီယံမန်ယူတို့ မေ ၆ရက်က အာဆင်နယ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ မန်ယူတို့က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် နှစ်နှစ်ဆက်တိုက် ဖလားကာကွယ်ရေးအိပ်မက်ကို မက်ခွင့်ရရှိသွားပြီ ဖြစ်သည်။

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတွင် အဝေးကွင်း၌ အာဆင်နယ်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် မန်ယူအသင်း နည်းပြ ဖာဂူဆန်က "ဒီပွဲမှာ အနိုင်ယူခဲ့တာ ဗိုလ်လုပွဲကျင်းပမယ့် အီတလီနိုင်ငံ ရောမကို ကျွန်တော်တို့ သွားရောက်ဖို့ တွန်းပို့လိုက်ပါပြီ။ မန်ယူအသင်းဟာ ကွာတားဖိုင်နယ်ရောက်ကတည်းက ချန်ပီယံလိဂ်ဖလား ကာကွယ်ဖို့ စိတ်ဓာတ်အရှိန်တွေ မြင့်တက်နေတဲ့ အသင်းဖြစ်ပါတယ်။ ဒါကြောင့် အာဆင်နယ် အသင်းကို အနိုင်ကစားခဲ့တာဟာ နိုင်သင့်နိုင်ထိုက်တဲ့ပွဲလို့ ယုံကြည်ပါတယ်"ဟု ဖာဂူဆန်ကပြောကြားသည်။

"ကျွန်တော့် ကစားသမားတွေလည်း အကောင်းဆုံး ကစားသွားနိုင်ကြတာပါ၊ ဒီရလဒ်ကို ကျွန်တော် ကျေနပ်ပါတယ်" အာစင်ဝင်းဂါး။

ထို့အပြင် အာဆင်နယ်နှင့်ပွဲ၌ ကွင်းလယ်ဒိုင်လူကြီး၏ ဆုံးဖြတ်ချက် တချို့နှင့် ပတ်သက်၍လည်း "ဖလက်ချာကို အနီကတ်ပြ ထုတ်ပစ်တာဟာ ဆုံးဖြတ်ချက် မှားတယ်လို့ထင်ပါတယ်။ ကစားသမားအတွက်ရော အသင်းအတွက်ပါ ထိခိုက်ပါတယ်။ ဒီနေ့ကစားသွားတဲ့ ကျွန်တော့် လူတွေကိုချီးကျူးပါတယ်။ သူတို့တွေ အကောင်းဆုံးကစားသွားနိုင်ကြတယ်။ အာဆင်နယ်အသင်းဟာ အသင်းကောင်းဖြစ်ပြီး သန့်သန့်ရှင်းရှင်း ကစားနိုင်တဲ့ အသင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီပွဲမှာ သွင်းယူနိုင်ခဲ့တဲ့ ဂိုးတွေပြန်ချေပမခံရအောင် ကြိုးစားကစားနိုင်ခဲ့ပါတယ်"လို့လည်း ဖာဂူဆန်က ပြောကြားသည်။

အကြိုဗိုလ်လုပွဲ ပထမအကျော့၌ မန်ယူတို့ အိုးထရက်ဖို့ဒ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့သလို ယခုအဝေးကွင်း၌ပါ အနိုင်ရရှိခဲ့သဖြင့် နှစ်ကျော့ပေါင်း လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲတက် ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့အတူ မန်ယူကို အိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့ရသောအာဆင်နယ် နည်းပြ အာစင်ဝင်းဂါးကလည်း "မန်ယူအသင်းကိုရှုံးခဲ့ရတာမို့ ပရိသတ်တွေကို ကျွန်တော်အနူးအညွတ်တောင်းပန်ပါတယ်။ ကျွန်တော့်ကစားသမားတွေလည်း အကောင်းဆုံးကစားသွားနိုင်ကြတာမို့ ဒီအရှုံးမှာ ကျွန်တော် ကျေနပ်ပါတယ်။ လူငယ်တွေမို့ အားနည်းချက်အချို့ရှိနေပေမယ့် ဒီပွဲမှာ သူတို့လည်းကြိုးစားကစား ခဲ့ကြတယ်။ ဒါပေမယ့် ဒီပွဲမှာ မိနစ်ပိုင်းအတွင်းလေးမှာပဲ ဂိုးတွေသွင်းယူခံရတာတော့ မဖြစ်

"ဒီပွဲကစားသွားတဲ့ ကျွန်တော့် အသင်းသားတွေကို ချီးကျူးပါတယ်" ဖာဂူဆန်။

သင့်တဲ့ အနေအထားပါပဲ။ ကျွန်တော့် အနေနဲ့ ပြင်ဆင်မှုတွေ ပြောင်းရဦးမှာပါ"ဟု အာစင်ဝင်းဂါးက ပြောကြားသည်။

ယခုပွဲ၌ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့ရသော အာဆင်နယ်သည် လေးနှစ်ဆက်တိုက် ဖလားလက်မဲ့ဖြစ်ခဲ့ရသော အဖြစ်နှင့် ရင်ဆိုင်ခဲ့ရပြန်ပြီ ဖြစ်သည်။

(အင်တာနက်)

ရီးရဲမက်ဒရစ် ခံစစ်မှူး ကင်နာဗာရို မန်စီးတီးနှင့် ဘိုင်ယန်၏ကမ်းလှမ်းမှုကို ပယ်ချ

မက်ဒရစ် မေ ၆

မန်စီးတီးနှင့် ဘိုင်ယန်မြူးနစ်တို့၏ ကမ်းလှမ်းမှုများကို ငြင်းပယ်ခဲ့ပြီး အသင်းဟောင်း ဂျူဗင်းတပ်စ်သို့လည်း မပြန်လိုတော့ကြောင်း အီတလီလက်ရွေးစင်နှင့် ရီးရဲမက်ဒရစ်ခံစစ်မှူး အကျော်အမော်ဖာဘီယိုကင်နာဗာရို(**အပေါ်ပုံ**)က အခိုင်အမာ ပြောကြားခဲ့သည်။

အီတလီအသင်းနှင့်အတူ ကမ္ဘာ့ဖလားကို ဆွတ်ခူးခဲ့သူ ကင်နာဗာရိုသည် ယခုဘောလုံးရာသီအကုန်တွင် ရီးရဲမက်ဒရစ်နှင့် စာချုပ်သက်တမ်းကုန်ပြီဖြစ်ပြီး အသင်းကထပ်မံသက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခြင်းမခံသေးချေ၊ ၎င်းအနေဖြင့် ရီးရဲအသင်းနှင့်ထပ်မံစာချုပ်ချုပ်ဆိုလိုပါက အသင်းဥက္ကဋ္ဌ အပြောင်းအလဲ ရလဒ်ထွက်ပေါ်လာအောင် စောင့်ရမည်ဖြစ်သည်။

ဥပေက္ခာပြု

အသက် ၃၅နှစ်ရှိ ကင်နာဗာရို သည် လာမည့်နွေရာသီကမ္ဘာ့ဖလားပြိုင်ပွဲ တွင် အီတလီလက်ရွေးစင်အသင်းနှင့်အတူ ဖလားဆွတ်ခူးရန် စိတ်အားထက်သန်နေသောကြောင့် မန်စီးတီးနှင့် ဘိုင်ယန်မြူးနစ်တို့၏ ကမ်းလှမ်းမှုကို ဥပေက္ခာပြုခဲ့ခြင်းဖြစ်သည်။

နီးစပ်နေ

ထိုစဉ်အတောအတွင်း ဗဟိုခံစစ်မှူး ကင်နာဗာရိုအား ၎င်း၏ပထမဆုံးကလပ် နာပိုလီက မကမ်းလှမ်းခဲ့သဖြင့် ဂျူဗင်းတပ်စ်သို့ ပြန်သွားရန် နီးစပ်နေပြီဖြစ်ကြောင်း ၎င်း၏အေးဂျင့် ဂေတာနိုဖီဒီလီက ပြောကြားခဲ့သည်။ **(အင်တာနက်)**

မာရှေးရာနို လီဗာပူးမှထွက်ခွာမည်မဟုတ် နည်းပြဘင်နီတက်ဇ်အခိုင်အမာပြောကြား

လီဗာပူးအသင်းနည်းပြ ဘင်နီတက်ဇ်။

လန်ဒန် မေ ၆

လီဗာပူးအသင်းမှ အာဂျင်တီးနား လက်ရွေးစင် အသင်းခေါင်းဆောင် မာရှေးရာနိုသည် အမည်မဖော်လိုသောအသင်းက ချဉ်းကပ်ကမ်းလှမ်းမှုကို ပယ်ချခဲ့ကြောင်းနှင့် မည်သည့်အသင်းကိုမျှ သွားမည်မဟုတ်ဟု ပြောကြားခဲ့ကြောင်း နည်းပြဘင်နီတက်ဇ်က ဖွင့်ဟ ပြောကြားခဲ့သည်။

မာရှေးရာနိုသည် လီဗာပူးအသင်းနှင့် လက်ရှိလေးနှစ်စာချုပ် သက်တမ်းကုန်ဆုံးရန် ၁၅ လမျှကျန်သေးသည်။ သို့သော်လည်း မာရှေးရာနို၏ အနာဂတ်သဘောထားနှင့်ပတ်သက်ပြီး ဘင်နီတက်ဇ်သည် မေ ၁ရက်က ၎င်းနှင့် ဆွေးနွေးခဲ့သည်။

ငြင်းဆန်ခဲ့

မာရှေးရာနိုအား ခေါ်ယူရန်ကမ်းလှမ်းသောအသင်းကို ထုတ်ဖော်ပြောကြားရန် ဘင်နီတက်ဇ်က ငြင်းဆန်ခဲ့သည်။

သို့သော်လည်း ကမ်းလှမ်းသည့်အသင်းသည် အီတလီ သို့မဟုတ် စပိန်က မဟုတ်ကြောင်း သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သော ရောဂါများသည် ရောဂါပိုးများပါဝင်သည့် ရေ၊ အစားအသောက်တို့ကို စားသောက်မိရာမှ ကူးစက်ပြန့်ပွားပါသည်။

ရေနှင့်အစားအသောက်များအတွင်းသို့ ရောဂါပိုးများသည် အောက်ပါအကြောင်းများကြောင့် ရောက်ရှိပါသည်-

(က) မသန့်ရှင်းသည့် လက်၊ အိုး၊ ခွက်၊ ပန်းကန်တို့ဖြင့် အစားအစာများ ချက်ပြုတ်ပြင်ဆင်ခြင်း၊ စားသောက်ခြင်း။

(ခ) အစားအသောက်များသို့ ယင်အုံ၊ ယင်နားခြင်း။

(ဂ) မိုးရွာသောအခါများတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့် အမှိုက်သရိုက်များ စီးဝင်ခြင်း။

(ဃ) သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာနှင့် နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက်နိမ့်သော နေရာများတွင်ရှိခြင်း။

သို့ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်-

- ➢ ရေကို ကျိုချက်၍သောက်ပါ။
- ➢ ယင်နားစာများ မစားပါနှင့်။
- ➢ ယင်လုံအိမ်သာ အသုံးပြုပါ။
- ➢ အစားမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။
- ➢ တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။
- ➢ အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့၍ ကုသမှုခံယူကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ် လျှပ်စစ် (Static Electricity) ဖြစ်ပေါ်ပြီး မီးလောင်မှုများ ဖြစ်ပွားစေနိုင်ပါသည်။ ထို့ကြောင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

ထိမ်းမြားမင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မလွကုန်းလမ်း၊ အမှတ်၂၉(ဗ/က)နေ ဦးငွေအောင် 2nd Mate (F.G)-ဒေါ်ခင်ခင်စောတို့၏သားကြီး မဖြိုးမီမီအောင် B.Sc (Ic)၏ အစ်ကို

မောင်ဖြိုးဝေလင်း B.Sc (Zoology)
AB (DAELIM SHIPPING)

နှင့်

ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ဖွံ့ဖြိုးရေး(၃)လမ်း၊ အမှတ်(၇)နေ ဦးကျော်ဝင်းမြင့် (Ex Bernhard Schulte Shipmanagement Pte. Ltd., CYPRUS) - ဒေါ်ခင်ခင်သန်း[ဌာနမှူး(ငြိမ်း)ဗဟိုပြည်တွင်းကုန်တင်/ချ ကော်မတီရုံး-ရုံးချုပ်] တို့၏ သမီးထွေး၊ မခင်မာလာဝင်း (မူ/ပြ၊ အမက-၁၊ ညောင်သုံးပင်သန်လျင်)၊ မအေးအေးမူ (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)တို့၏ ညီမ

မမေစံပယ်ဖြူ (ခ) အငယ်လေး B.A (English)
(Marketing Manager, Even Flow River Forwarding & General Services)

တို့၏ ၃-၅-၂၀၀၉ရက် (တနင်္ဂနွေနေ့)တွင် Chatrium Hotel Grand Ballroom ၌ ကျင်းပပြီးစီးသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးကျော်လွင်ဦး (Chief Executive officer, EFR Group of Companies) နှင့် ဇနီးဒေါ်စောစန္ဒာ (Director, EFR Group of Companies) တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ဦးငွေတင့်နှင့်ဇနီးဒေါ်ငယ်ငယ် (ရွှေငယ်ငယ်ဆောက်လုပ်ရေးနှင့် ဗီဒီယိုထုတ်လုပ်ရေး) တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဝင်းတင်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင်ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မမြတ်စုမွန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မဖြိုးမီမီအောင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မသီတာဆွေဇင်၊ သတို့သားအရံ ကိုဟိန်းနိုင်ဦးနှင့် သတို့သမီးအရံ မဝင်းဝင်းအေးတို့အားလည်းကောင်း၊ မေတ္တာဖြင့်ဆံပင်၊ မိတ်ကပ်အလှဆင်ပေးပါသော (G. Six, Peral Condo)၊ မင်္ဂလာဝတ်စုံ ဆင်မြန်းပေးပါသော ခင်စန်းဝင်း (မိတ်ကပ်နှင့်သတို့သမီးဝတ်စုံ)၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော တော်ဝင်သူ(ဗိုလ်ချုပ်ဈေး)နှင့် သီတဂူ (သစ်ခွခြံ) တို့အားလည်းကောင်း၊ လက်ကိုင်ပန်းနှင့် ပန်းအလှများ ပြင်ဆင်ပေးပါသော ကိုခင်မောင်ဝင်း၊ ဗီဒီယိုနှင့် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးပေးပါသော မလိမ္မာ(မြန်မာစာ)နှင့် အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာပန်းအလှပြင်နှင့် မင်္ဂလာညှော်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရန် အစစအရာရာ ကူညီပေးခဲ့သော Chatrium Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ပြုလုပ်ပေးပါသော မရတနာဝေဖြိုး (စိန်ချယ်ရီ၊ ဗိုလ်ချုပ်ဈေး)၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Lucky Prize ၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးကြပါသော ရပ်နီးရပ်ဝေးမှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနား ပြီးမြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း၊ ၂-၅-၂၀၀၉ရက် (စနေနေ့)တွင် မင်္ဂလာအိမ်ဂေဟာ၌ ကျင်းပခဲ့သော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် မင်္ဂလာလက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒေါ်လွင်လွင်အေးကျော် (တွဲဖက်ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်၊ ရန်ကုန်)၊ မင်္ဂလာအသိသက်သေများအဖြစ်ဆောင်ရွက်ပေးကြပါသောဦးချိုမြင့်နှင့်ဇနီးဒေါ်မေနွယ်အေး(လယ်/ပြ၊အထက-၆၊ဗိုလ်တထောင်)၊ ဦးဇင်ဝေလတ်(DY General Manager, Ever Flow River Forwarding & General Services)နှင့် ဇနီး ဒေါ်မဥ္ဆူပွင့်တို့အားလည်းကောင်း၊ ၂၉-၃-၂၀၀၉ရက် (တနင်္ဂနွေနေ့)တွင် Traders Hotel(ပုဂံခန်းမ)၌ ကျင်းပပြုလုပ်ခဲ့သော စေ့စပ်ကြောင်းလမ်းပွဲတွင် တက်ရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးများအားလည်းကောင်း၊ စေ့စပ်ပွဲ အခမ်းအနားအားကျင်းပနိုင်ရန် ကူညီပေးကြသော Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညစာစားပွဲကျင်းပနိုင်ရန်ကူညီပေးပါသော Zuri Restaurant(သန်လျင်)၊ စေ့စပ်ကြောင်းလမ်းပွဲ၊ မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့်ညစာစားပွဲတို့တွင် မိတ်ကပ်၊ ဆံပင် အလှဆင်ယင်ပေးပါသော မသူဇာ(Aung Aung Beauty Salloon)တို့အားလည်းကောင်း အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဖြိုးဝေလင်း-မမေစံပယ်ဖြူ။

မေလဖွား မွေးနေ့ရှင်များအတွက် မွေးနေ့ဆုတောင်း

ဖေဖေ **ဦးဖေဆန်း** ကဆုန်လဆန်း ၁၄ရက်၊ ညီ **မောင်အောင်ဆန်း** မေ ၁၀ရက်၊ ညီငယ် **မောင်သိန်းဆန်း** မေ ၂၈ရက်တို့၌ မွေးဖွားသော မေလဖွား မွေးနေ့ရှင်ဖေကြီးနှင့် ညီငယ်များ- မွေးနေ့မှသည်….နောင် နှစ်ပေါင်းများစွာတိုင်အောင် သက်ရှည် ကျန်းမာစွာဖြင့် မိသားစုများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်းဖြင့် ဆုမွန်ကောင်းတောင်းလျက်…။

သားကြီး/အစ်ကိုကြီး
မောင်ကျော်ဆန်း
(ခေတ္တ-စင်ကာပူ)။

စိန်ရတုအကြို မွေးနေ့ဆုတောင်း

ချစ်သားသမီးများအပေါ် အနှိုင်းမဲ့မေတ္တာဖြင့် ကျွေးမွေးပြုစုခဲ့သော ချစ်ဖေဖေ **ဦးခင်မောင်မြင့်**(ချန်ပီယံဒ်ပေါက်)၏ ၇-၅-၂၀၀၉ရက်တွင် ကျရောက်သော နှစ်(၇၀) ပြည့် မွေးနေ့မှသည် အသက်ရာကျော်တိုင်အောင် ကျန်းမာ ချမ်းသာ၍ သာသနာအကျိုးသယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားသမီးနှင့်မြေးများ-
ဦးဇော်မြင့်-မချိုချိုဦး၊ မြေး-မောင်ညီညီဇော်၊
မလင်းလက်အောင်(ခ)ဝိုင်းဝိုင်းချို။

ကျေးဇူးဆပ်ပါမည်

အင်းစိန်မြို့နယ်ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၁)၊မ/၁၃၇ နေ ဦးစောအေး၏ နေအိမ်တွင် သုံးစွဲနေသော ဗိုလ်မှူးမျိုးလွင်အမည်ပေါက် ဖုန်း-၀၁-၆၄၄၃၃၂နှင့် ပတ်သက်သည့်စာရွက်စာတမ်းများ ပျောက်ဆုံးနေ၍တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဦးစောအေး**
ဖုန်း-၆၄၄၃၃၂။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မဆွေဆွေယု၏ မှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင်နှင့် အခြားပစ္စည်းများ ခရီးသွားရင်း ဗိုလ်တထောင်ဘုရားအနီးပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။ **တိုက်(၃၂)၊ စပယ်လမ်း၊ တော်ဝင်သဇင်ကုန်စုံဆိုင်၊ မြေညီထပ်၊ယုဇန ဥယျာဉ်မြို့တော်၊စစ်တောင်းရိပ်မွန်၊ ဖုန်း-၇၀၀၄၅၅၊၀၉-၅၁-၉၄၇၄၃။**

Peridot Co.,Ltd.
ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။	M.E(Mechanical)	ကျား/မ (၃)ဦး
၂။	M.E(Electronic)	ကျား/မ (၃)ဦး
၃။	B.E(Marine Engineering)	ကျား/မ (၃)ဦး

- (၁) မှ (၃)အထိ သက်ဆိုင်ရာဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- အသက် ၂၈နှစ်မှ ၄၀အတွင်းရှိရမည်။
- အင်္ဂလိပ်စာ(ရေး၊ ဖတ်၊ ပြော)၊ ကွန်ပျူတာ၊ အင်တာနက်ကျွမ်းကျင်ရမည်။
- သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။

လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ကိုယ်ရေးရာဇဝင်၊ ခြောက်လအတွင်းရိုက်ကူးထားသော ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူတို့နှင့်အတူ Peridot Co.,Ltd. အမှတ် ၂၀၂၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၂၇၀၃၄သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

စက်ပစ္စည်းများ အကြီးစားပြုပြင်မွမ်းမံရန်နှင့် ဝယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အထည်ချုပ်စက်ရုံ(ပခုက္ကူ)အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အကြီးစားပြုပြင်မွမ်းမံရန်နှင့် ဝယ်ယူရန်အတွက် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည် -

စဉ်	အကြောင်းအရာ	အရေအတွက်
(က)	Sparc Parts for Single Necdle Sewing Machine	1 Lot

၂။ **တင်ဒါဝယ်ယူမည့်နေရာ** - စီမံရေးဌာန
အထည်ချုပ်စက်ရုံ(ပခုက္ကူ)၊
ပခုက္ကူမြို့၊

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ဤကြော်ငြာစတင်သည့်ရက်မှ ခုနစ်ရက်အတွင်း

မှတ်ချက်။ ။အသေးစိတ်အကြောင်းအရာများကို တယ်လီဖုန်းအမှတ်- ၀၆၂-၂၂၈၃၅သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

စီးပွားရေးတက္ကသိုလ်(ရန်ကုန်) မိတ်ဆက်တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် မေ ၆

၁၉၇၃-၁၉၇၄ခုနှစ်တွင်စီးပွားရေးတက္ကသိုလ်(ရန်ကုန်)သို့ တက်ရောက်ခဲ့ကြသော သူငယ်ချင်းများ မေ ၉ရက်(စနေနေ့)တွင် ညနေ ၃နာရီမှ ၆နာရီအထိ M-3 Food Center ၌ မိတ်ဆက် တွေ့ဆုံကြရန် ဖိတ်ကြားထားပြီး ဦးသိန်းနိုင် ဖုန်း-၀၉-၅၁-၅၆၇၅၇၊ ဒေါ်ဝင်းမြတ်သိန်း ဖုန်း-၀၉-၂၄-၅၀၆၀၉၊ ဒေါ်ဝါဝါနွယ် ဖုန်း-၃၉၁၀၇၀၊ Ex- ၂၁၁၊ ဒေါ်စန်းစန်းဝင်း ဖုန်း-၀၉-၅၀-၇၄၆၈၇၁၊ ဒေါ်အေးအေးမြင့် ဖုန်း-၆၅၁၉၉၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။**(မြန်မာ့အလင်း)**

အင်းလေးမိသားစု(ရန်ကုန်) ရိုးရာလက်ဖက်ရည်ကြမ်းဝိုင်း

ရန်ကုန်ရောက် အင်းလေးမိသားစုမှ ရိုးရာလက်ဖက်ရည်ကြမ်းဝိုင်းကို ကျင်းပမည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ (အင်းလေးမုန့်တီဖြင့် တည်ခင်းဧည့်ခံပါမည်။)

အစီအစဉ်

နေ့ရက်	-	၁၀-၅-၂၀၀၉ရက်(တနင်္ဂနွေနေ့)
အချိန်	-	နံနက်(၉း၀၀)နာရီမှ (၁၂း၀၀)နာရီအထိ
နေရာ	-	အင်းလေးဓမ္မာရုံ၊ ရွှေတိဂုံဘုရားလမ်း၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်။

ထူးခြားသည့် နေ့အပူချိန်များ

၆-၅-၂၀၀၉

မုံရွာ	၄၂ဒီဂရီစင်တီဂရိတ်
ရွှေဘို	၄၁ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၁ဒီဂရီစင်တီဂရိတ်
ချောက်	၄၁ဒီဂရီစင်တီဂရိတ်
မကွေး	၄၁ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်

၆-၅-၂၀၀၉

မကွေး	၂ဒသမ ၁၆လက်မ
တောင်ငူ	၁ဒသမ ၂၆လက်မ
မင်းဘူး	၁ဒသမ ၀၂လက်မ

မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ (13th MGC Junior Golf Open Championships 2009) ကို မေ ၂၁ရက်နှင့် ၂၂ရက်တို့တွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီးရိုက်အသင်း (၉မိုင် ပြည်လမ်း)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ယင်းပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ အသက်(၁၀-၁၂)နှစ်အတန်း၊ အသက်(၁၃-၁၅)နှစ်အတန်း၊ အသက်(၁၆-၂၀)နှစ်အတန်းများ နှင့်အမျိုးသမီးပြိုင်ပွဲ၌ အသက်(၁၀-၁၈)နှစ် အတန်းဟူ၍ လေးတန်းခွဲခြားပြီး ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတွင် ဆုများကို အတန်းလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများ၏ ဆုများကို မြန်မာဂေါက်သီးရိုက်အသင်းနှင့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် တစ်ဦးချင်း အလှူရှင်များက ကူညီပံ့ပိုးကြမည်ဖြစ်သည်။

ဆက်သွယ်

ယင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်အားကစားမောင်မယ်များသည် မေ ၁၉ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်အသင်း (၉မိုင် ပြည်လမ်း)သို့ စာရင်းပေးသွင်းရမည်ဖြစ်ပြီး လူဦးရေအကန့်အသတ်ရှိမည်ဖြစ်သဖြင့် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသူများသည် မြန်မာဂေါက်သီးရိုက်အသင်း ဖုန်း-၆၆၁၇၀၂ နှင့် ၆၆၅၅၃၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံ ပန်းအလှပြုပြင်မှုသင်တန်းနှင့် စီးပွားဖြစ် သစ်ခွစိုက်ပျိုးရေး သင်တန်းများဖွင့်လှစ်မည်

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ အခြေခံ ပန်းအလှပြုပြင်မှု သင်တန်း(၂/၂၀၀၉)ကို မေ ၂၀ရက်မှ ၂၇ ရက်အထိ မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီ အတွင်း၌လည်းကောင်း၊ စီးပွားဖြစ် သစ်ခွစိုက်ပျိုးမှုသင်တန်း(၁/၂၀၀၉)ကို ဇွန် ၁ရက်မှ ၁၂ရက်အထိ နံနက် ၉နာရီမှ ညနေ ၄နာရီအတွင်း၌လည်းကောင်း သင်တန်းသားသင်တန်းသူ ၅၀စီဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမတွင် ဖွင့်လှစ်မည်ဖြစ်သည်။

ဆက်သွယ် တက်ရောက်နိုင်

သင်တန်းကြေးအဖြစ် အခြေခံ ပန်းအလှပြုပြင်မှု သင်တန်းအတွက် ကျပ် ၁၀၀၀၀၊ စီးပွားဖြစ် သစ်ခွ စိုက်ပျိုးမှု သင်တန်းအတွက် ကျပ် ၁၅၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး တယ်လီဖုန်းအမှတ်-၃၇၉၃၆၁ သို့ ဆက်သွယ် တက်ရောက်နိုင်ကြောင်း သိရသည်။

(၁၇၃)

ဥတုရာသီ တောကိုမှီ၏

သတင်းအချက်အလက်ဆက်သွယ်ရေး နည်းပညာဟောပြောပွဲ

ရန်ကုန် မေ ၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးပြုလုပ်သော လစဉ်ဘာသာရပ်ဆိုင်ရာဟောပြောပွဲ(မေ ၂၀၀၉)ကို စိန်ရတနာဝတ်မှုံကုမ္ပဏီ၏ ပံ့ပိုးကူညီမှုဖြင့် မေ ၉ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Towerရှိ မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြော

ဟောပြောပွဲတွင် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦး၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းအောင်၊ အထွေထွေ အတွင်းရေးမှူး(၁) ဦးသောင်းတင်နှင့် အထွေထွေအတွင်းရေးမှူး(၂) ဦးအောင်ဇော်မြင့်တို့က စီးပွားရေးလုပ်ငန်းများတွင် သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာကို အကျိုးရှိစွာ အသုံးချခြင်း "Forum on Effective Utilization of ICT in Business" ခေါင်းစဉ်ဖြင့် ဟောပြောကြမည်ဖြစ်သည်။

တက်ရောက်နိုင်

အဆိုပါဟောပြောပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဃ်န်းကျွန်းအထက(၁) ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မေ ၆

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၁၉၈၅ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မေ ၉ရက်(စနေနေ့)တွင် အထက(၁) သဃ်န်းကျွန်း သပြေဆောင်ခန်းမ၌ နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ၁၉၈၅ ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အတွင်း အထက်တန်းအဆင့်တွင် ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမကြီးများနှင့် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မြတ်ဆရာပူဇော်ပွဲသို့ ကြွရောက်ကြပါရန် မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီက နိုးဆော်ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ကြီးပူဇော်ပွဲ မြင်းမူမြို့၌ ကျင်းပ

မြင်းမူ ဧပြီ ၃၀

မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကကြီးမှူးကျင်းပသည့် စတုတ္ထကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက် နံနက် ၉နာရီကမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပရာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ထို့နောက် အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးအား ငွေကျပ် ၇၅၀၀ စီ၊ ကံထူးရှင် အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးအား ငွေကျပ် တစ်သောင်းစီနှင့် အဘိုးအဘွား ၁၃၃ ဦးအား ငွေကျပ် လေးထောင်စီနှင့် ဆေးဝါးများကို မြို့နယ်ဥက္ကဋ္ဌဦးကျော်သောင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်မညိုနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ထွေ/အုပ်ဝန်ထမ်းများက လှူဒါန်းကြသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အင်န်ဂျီအိုများ၊ မြို့ပေါ်ရပ်ကွက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

(၀၃၅)

ဘိုင်အိုဘက်ထရီ ပြုလုပ်သုံးစွဲနိုင်မှု လက်တွေ့သရုပ်ပြ

မိုးကောင်း မေ ၁

မိုးကောင်းမြို့နယ် ဘိုင်အိုဘက်ထရီ ပြုလုပ်သုံးစွဲနည်း သရုပ်ပြပွဲ အခမ်းအနားကို ဧပြီ၃၀ရက် မွန်းလွဲ ၁နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ငွေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နွားချေးအစိုနှင့် အိမ်သုံးဆား အသုံးပြု၍ ဘိုင်အိုဘက်ထရီ ပြုလုပ်သုံးစွဲနိုင်မှုကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားကာ လက်တွေ့သရုပ်ပြသပြီး တက်ရောက်လာသူများက မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပင်လုံမြို့ ပန်မုန့်တိုက်နယ်နှင့် အမှတ်(၂)ရပ်ကွက်သို့ ဆက်သွယ်သော ရွှေပြည်သာ ပေါင်းကူးသစ်သားတံတားသစ်ဖွင့်ပွဲကို ဧပြီ ၂၅ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှူး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဟုမ္မလင်းမြို့နယ် နန်တောကျေးရွာ သောက်သုံးရေရရှိရေးအတွက် ဂါလန် ၂၅၀၀ဆံ့ ရေကန်ဆောက်လုပ်ရန် ပစ္စည်းစုဆောင်းထားရှိမှု အခြေအနေကို ဧပြီ ၂၆ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်နိုင်ညွှန့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာအုပ်များငှားရမ်းမှု စနစ်တကျရှိရေး သီပေါ၌ ဆောင်ရွက်

သီပေါ မေ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းထွန်းသိန်းနှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးနေစိုးဟန်တို့သည် ဧပြီ ၂၄ရက် နံနက်မှ စတင်ပြီး နမ့်အွန်(ကွန်ခိုက်)၊ စံလောင်း၊ ကုန်းသာ၊ ဆွတ်လန်း၊ ပန်ဆောက်၊ စံဖိတ်၊ မန်ဟဲ၊ ဘော်ကြိုနှင့် ကျင်သီစသည့် ကျေးရွာများသို့ ကွင်းဆင်း၍ စာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး စာဖတ်သူအင်အား၊ စာအုပ်၊ ဂျာနယ်၊မဂ္ဂဇင်းနှင့် နေ့စဉ်ထုတ်သတင်းစာများထားရှိမှု အခြေအနေနှင့် စာအုပ်ငှားရမ်းမှု စနစ်တကျရှိစေရေးတို့ကို ဧပြီ၃၀ရက် အထိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(၀၂၀)

ပြည်မြို့တွင် ယာဉ်/လမ်း စည်းကမ်းပညာပေးဟောပြော

ပြည် မေ ၂

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ရုံးမှ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇော်ဦး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမာ၊ ပဲခူးတိုင်း (အနောက်ပိုင်း) ယာဉ်ထိန်းတပ်ဖွဲ့တာဝန်ခံ ဒုတိယရဲမှူးမြတ်ဦးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မထသမ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၉ရက် နံနက် ၇နာရီက ပြည်ခေတ္တရာ ယာဉ်ရပ်နားစခန်းရှိ အဝေးပြေးခရီးသည်တင် ယာဉ်များအား ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်စေရေးအတွက် ယာဉ်မှတ်ပုံတင်သက်တမ်းရှိ၊ မရှိ၊ ယာဉ်ကြွခိုင်မှုရှိ၊ မရှိ၊ ယာဉ်မောင်းလိုင်စင်များ သတ်မှတ်လိုင်စင် ရှိ၊ မရှိနှင့် လုပ်ငန်းလိုင်စင်များ ပြည့်စုံစွာ ပါရှိ၊ မရှိတို့ကို စစ်ဆေးအရေးယူ ပညာပေးဟောပြောကြောင်း သိရသည်။ (အပေါ်ပုံ)

(၀၅၇)

ပုလဲမြို့နယ် စေတီယျံကျေးရွာဖွံ့ဖြိုးရေး ဆွေးနွေး

ပုလဲ မေ ၁

ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးသည် မြို့နယ်ပညာရေးမှူးဦးတင်ဟန်၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးတင်ငွေ၊ မြို့နယ်ဥပဒေအရာရှိဦးကျော်ခိုင်၊ မြို့နယ်ဒုတိယတရားသူကြီးဦးဉာဏ်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်လှဦးတို့နှင့်အတူ ဧပြီ ၂၄ရက် နံနက်က စေတီယျံကျေးရွာသို့ သွားရောက်ပြီး နယ်မြေ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးအောင်ကျော်စိုးက ကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ လိုက်ပါကြသည့်ဌာနဆိုင်ရာများက ပညာရေး၊ မှုခင်းကျဆင်းရေး၊ ဥပဒေရေးရာများကို ဆွေးနွေးရာ ကျေးရွာပြည်သူများက ပြန်လည်ဆွေးနွေး တင်ပြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ကျေးရွာပြည်သူများတင်ပြသည့် ကျေးရွာတွင်းလမ်းများ တိုးချဲ့ရေးနှင့်ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ခဲ့သော ဗိုလ်ရုံလမ်းနှင့်ဈေးလမ်း ကတ္တရာလမ်းများဖွင့်ပွဲကို မတ် ၂၄ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွှန့်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးရဲလတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် မေ ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက် ရှိသည်။

လှူဒါန်းနိုင်

စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ်ငါးသိန်း၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၁၀ သိန်း၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၁၀သိန်းနှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်နိုင်

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၈၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၈၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း-၀၆၇-၄၀၈၂၁၁၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၈၂၁၅၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇၊ ညွှန်ကြားရေးမှူး(ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၁-၂၈၃၉၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

“အောင်လံဆရာတော် အသျှင်စန္ဒိမာ”၏ (၉)ရက် အဓိဋ္ဌာန် ဝိပဿနာ အထူးတရားစခန်းပွဲ

အောင်လံမြို့၊ တိုက်ခွဲ (၃၂)၊ သဲအင်းဂူ၊ဝိပဿနာ ဓမ္မရိပ်သာ၏ ဦးစီးပဓာန နာယက၊ ကမ္မဋ္ဌာနာစရိယ အောင်လံဆရာတော် အသျှင်စန္ဒိမာ(သောတာပတ္တိမဂ်-ရှုဖွယ်-ကျမ်းပြုဆရာတော်)၏ (၉)ရက် အဓိဋ္ဌာန် ဝိပဿနာတရားစခန်းပွဲကြီးကို ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ စိန္တကျော်သူဦးသြလမ်းရှိ သုဝဏ္ဏဘူမိ၊ ခေမာရာမသီလရှင်စာသင်တိုက်ကြီးတွင် ၁၂-၅-၂၀၀၉ရက်မှ ၂၁-၅-၂၀၀၉ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်လိုသော ယောဂီများ ၁၂-၅-၂၀၀၉ရက် ညနေ ၅နာရီတိတိ ရောက်ရှိရပါမည်။

(မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်နှင့်အတူ အိပ်ရာလိပ်၊ အသုံးအဆောင်ပစ္စည်းများ ယူဆောင်လာရပါမည်။)

လမ်းညွှန် - ၃၇၊ ၄၉ အစိမ်း/အဝါ
၆၁ အဝါ
၂၀၂/၁၀၈ကားများစီးပြီး ခေမာမှတ်တိုင်တွင်ဆင်းပါ။

လှူဒါန်းရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး အရဏ်ဆွမ်း/နေ့ဆွမ်းလှူဒါန်းလိုသူများသည် အောက်ပါဖုန်းနံပါတ်များသို့ သိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ပါသည်။

ဗိုလ်မှူးကြီးထိန်ဝင်း(ငြိမ်း)	-	ဖုန်း-၂၄၀၁၉၄
ဦးသန့်ဇင်	-	ဖုန်း-၅၄၆၆၇၀၊ ၀၉-၉၉-၇၀၅၂၄
ဦးငွေးအောင်	-	ဖုန်း-၇၀၀၄၅၀၊၀၉-၅၀-၁၈၆၅၇
ကိုကြည်စိုး	-	ဖုန်း-၀၉-၅၁-၉၉၄၈၅
ကိုမြင့်သူ	-	ဖုန်း-၇၂၇၂၈၄
ကိုစိုးနိုင်	-	ဖုန်း-၇၀၄၈၁၁
ကိုကျော်မြင့်	-	ဖုန်း-၀၉-၅၁-၉၄၉၂၃။



ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
စစ်ကိုင်းတိုင်းတရားရုံး
မုံရွာမြို့
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၉၉
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်-၁၆

ဒေါ်မြင့်မြင့်ဝင်း **နှင့်** ၁။ ဒေါ်ခင်ထူး
၂။ ကိုနိုင်မင်း

တရားနိုင် **တရားရှုံးများ**

၁။ ဒေါ်ခင်ထူး၊ ၂။ ကိုနိုင်မင်း၊ အမှတ်(၇)ရပ်ကွက်၊ ဆိပ်ခွန်စုရပ်ကွက်၊ ရွှေဘိုမြို့၊ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၉၉တွင် ကျရှိသည့် ဒီကရီကို အတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်မြင့်မြင့်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြဖြေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၀၉ခုနှစ် မေ ၁၄ရက် နံနက် ၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၀၉ခုနှစ် ဧပြီ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့် (တ/၂၅၉၂)
တွဲဖက်တိုင်းတရားသူကြီး
စစ်ကိုင်းတိုင်းတရားရုံး
မုံရွာမြို့။

ပြည်သူများ၏ ကျန်းမာရေးအဆင့် မြှင့်တင်နိုင်ရေး ကျန်းမာရေးဝန်ထမ်းများ အစိကအခန်းမှပါဝင် ကျေးလက်နေပြည်သူများ ကျန်းမာရေးအဆင့်မြင့်မားမှ တစ်မျိုးသားလုံး ကျန်းမာရေးအဆင့်မြင့်မားမည် ကျေးလက်ဒေသသို့ကွင်းဆင်းပြီး ကျန်းမာရေးအသိပညာပေးပြီး ကာကွယ်နည်းများ သင်ကြားပေး

နေပြည်တော် မေ ၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် မေ ၅ရက် နံနက်ပိုင်းတွင် နေပြည်တော် လေဆိပ်မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၁၀နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိသည်။

ကြိုဆို

နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း၊ *စာမျက်နှာ ၈ ကော်လံ ၁* ❐

တိုင်းရင်းသားဝတ်စုံများပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး သိန်းစိန် ပူတာအိုမြို့နယ် မူလာရှီးဒီး ကျေးရွာအုပ်စုရှိ ထူးဖောင်ဒေးရှင်း၏ သုတေသနစိုက်ခင်း၌ တိုင်းရင်းသား ဝတ်စုံများကို ဒေသခံ ပြည်သူများ အား ပေးအပ်စဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

မောင်မောင်မြင့်ဆွေ၏ "ပုသိမ်မြို့မှ အောင်မြင်ဖြစ်ထွန်းနေသော ပေါင်းစည်းလယ်ယာ စိုက်ပျိုးရေး" သတင်းဆောင်းပါးကို စာမျက်နှာ ၅ တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ တိတ်တဆိတ် လျှို့ဝှက်ဝင်ရောက်ခဲ့သူ နိုင်ငံခြားသားတစ်ဦး ဖမ်းဆီးရမိ

ရန်ကုန် မေ ၆

ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံအနီး အင်းလျားကန်အတွင်း၌ မသင်္ကာဖွယ် နိုင်ငံခြားသားတစ်ဦးသည် ၅လီတာဝင် ရေသန့်ဘူးအကူအညီဖြင့် ရေကူးခပ်နေကြောင်း သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများက ယနေ့ နံနက် ၅နာရီခွဲတွင် တွေ့ရှိ၍ လုံခြုံရေးအရ ခေါ်ယူစစ်မေးမှု ပြုလုပ်ခဲ့သည်။

လျှို့ဝှက်ဝင်ရောက်

လုံခြုံရေးတာဝန်ရှိသူများ၏ ပဏာမစစ်ဆေးမှုပြုစဉ် ကာယကံရှင်၏ ကိုယ်တိုင်ထုတ်ဖော် ဝန်ခံချက်အရ ဖော်ပြပါ မသင်္ကာဖွယ်နိုင်ငံခြားသားသည် အမေရိကန်ပတ်စ်ပို့ (PP.No-4397677222/28.4.2008) ကိုင်ဆောင်ထားသူ အမေရိကန်နိုင်ငံသား Mr. John Willian Yeattaw ဆိုသူ ဖြစ်ကြောင်း၊ ၄င်းသည် ကမ္ဘာလှည့်ခရီးသွားဗီဇာဖြင့် ရန်ကုန်မြို့သို့ မေ ၂ရက်တွင် ရောက်ရှိခဲ့ကြောင်း၊ ရန်ကုန်မြို့ ဗျူးတီးလဲန်း(၂)ဟိုတယ်တွင် တည်းခိုခဲ့ကြောင်း၊ မေ ၃ရက် ညပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဘက်သို့ အင်းလျားကန်မှတစ်ဆင့် ရေကူးသွားရောက်ခဲ့ကြောင်း၊ ၄င်းနောက် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ တိတ်တဆိတ်လျှို့ဝှက် ဝင်ရောက်နေထိုင်ခဲ့ကြောင်း၊ မေ ၅ရက် ညပိုင်းချိန်မှသာ အင်းလျားကန်အတွင်းမှ ရေကူး၍ ပြန်ထွက်လာစဉ် လုံခြုံရေးတပ်ဖွဲ့မှ တွေ့ရှိဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

သိမ်းဆည်းရမိ

၄င်းနှင့်အတူ **နိုင်ငံကူးလက်မှတ်တစ်ခု၊ အနက်ရောင် ကျောပိုးအိတ်တစ်လုံး၊ ဓာတ်မီးတစ်လက်၊ ခေါက်ပလာယာတစ်လက်၊ Cannon ကင်မရာတစ်လုံး၊ အမေရိကန်ဒေါ်လာ ၁၀၀ တန် နှစ်ရွက်၊ မြန်မာငွေကျပ် ၁၀၀၀တန် ၉၃ရွက်**တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်စစ်ဆေးဖော်ထုတ်

ဤသို့ လုံခြုံရေးအရ တားမြစ်ထားသော နယ်မြေအတွင်းသို့ လျှို့ဝှက် တိတ်တဆိတ် ဝင်ရောက်ခဲ့မှုအတွက် ၄င်း၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်များအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**